**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း ဈလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။

ဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄

ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether

အင်တာနက်လိပ်စာ / www.pointmyanmar.org

အီးမေးလ် / point.org.mm@gmail.com




# ဌာနေတိုင်းရင်းသားများဆိုင်ရာမူဝါဒ

ဤမှတ်တမ်းသည် ဆုံးဖြတ်ချက် B.၁၉/၁၁တွင် ဘုတ်အဖွဲ့မှ သဘောတူလက်ခံသော မူဝါဒကို သိမ်းဆည်းခြင်း ဖြစ်သည်။ မူဝါဒကို "GCF ဌာနေတိုင်းရင်းသားများဆိုင်ရာမူဝါဒ"ဟု ခေါင်းစဉ်တပ်ထားသော CFF/B.၁၉/၀၅ မှတ်တမ်းတွင် B.၁၉၌ ထည့်သွင်းစဉ်းစားရန် ပေးပို့ခဲ့ခြင်းဖြစ်သည်။

B.၁၉တွင် သဘောတူလက်ခံထားသော ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများအားလုံးကို " ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်များ - ဘုတ်အဖွဲ့၏ ၁၉ကြိမ်မြောက် အစည်းအဝေးဖေဖော်ဝါရီ ၂၆၊ မတ်လ ၁/၂၀၁၈"ဟု ခေါင်းစဉ်တပ်ထားသော GCF/B.၁၉/၄၃ မှတ်တမ်းတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

အစိမ်းရောင်ရာသီဥတုဆိုင်ရာရန်ပုံငွေအဖွဲ့ **(GCF)**

# ဌာနေတိုင်းရင်းသားများဆိုင်ရာမူဝါဒ

အစိမ်းရောင်ရာသီဥတုဆိုင်ရာရန်ပုံငွေအဖွဲ့ **GCF**၏ မှတ်တမ်းတင်မှု

# မာတိကာ


ခေါင်းစဉ် စာမျက်နှာ

**အခန်း ၁။ နိဒါန်းနှင့် နောက်ခံအကြောင်းအရင်း** . . . ၁

**အခန်း ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ** . . . ၃

**အခန်း ၃။ မူဝါဒ ရည်ရွယ်ချက်များ** . . . ၅

**အခန်း ၄။ အသုံးပြုနယ်ပယ်** . . . ၇

**အခန်း ၅။ လမ်းညွှန်စည်းမျဉ်းများ** . . . ၉

**အခန်း ၆။ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား ခြုံငုံသုံးသပ်ချက်** . . . ၁၀

**၆. ၁။ GCF၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား ခြုံငုံသုံးသပ်ချက်** . . . ၁၀

**၆. ၂။ တရားဝင် အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအား ခြုံငုံသုံးသပ်ချက်။** . . . ၁၃

**အခန်း ၇။ လိုအပ်ချက်များ** . . . ၁၅

**၇. ၁။ အထွေထွေ** . . . ၁၅

၇. ၁. ၁။ ဌာနေတိုင်းရင်းသားများ အကျိုးရှိစေရန် သီးသန့်ရေးဆွဲထားသော လုပ်ရှားမှုများ . . . ၁၇

၇. ၁. ၂။ ဌာနေတိုင်းရင်းသားများချည်း အကျိုးအမြတ်ရသင့်သူများ မဟုတ်သည့်နေရာရှိ လုပ်ရှားမှုများ . . . ၁၈

၇. ၁. ၃။ မလိုလားအပ်သောဆိုးကျိုးများရှောင်ကျဉ်ခြင်း . . . ၁၈

၇. ၁. ၄။ လျှော့ချခြင်းနှင့် ဖွံ့ဖြိုးမှုအကျိုးကျေးဇူးများ . . . ၁၉

၇. ၁. ၅။ ဌာနေတိုင်းရင်းသားများ အံဝင်ခွင်ကျစီမံထားသော အဓိပ္ပါယ်ပြည့်ဝသောအကြံပြု ဆွေးနွေးခြင်း . . . ၂၀

**၇. ၂။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူရန် လိုအပ်သည့်အခြေအနေများ** . . . ၂၁

**ခေါင်းစဉ်** **စာမျက်နှာ**


၇. ၂. ၁။ ရိုးရာပိုင်ဆိုင်မှု သို့မဟုတ် မိရိုးဖလာအသုံးပြုမှု သို့မဟုတ် ပိုင်ဆိုင်မှုကို ထိခိုက်စေသောမြေယာများနှင့် သဘာဝသယံဇာတများ အပေါ်တွင် သက်ရောက်မှုများ . . . ၂၂

၇. ၂. ၂။ နယ်မြေဒေသနှင့် သဘာဝသယံဇာတများမှ ရိုးရာဓလေ့အရ ပိုင်ဆိုင်မှု၊ အသုံးပြုမှု၊ ဝင်ရောက်နေထိုင်နေသော ဒေသခံပြည်သူများကို ရွှေ့ပြောင်းနေရာချထားပေးခြင်း . . . ၂၄

၇. ၂. ၃။ ယဉ်ကျေးမှု အမွေအနှစ် . . . ၂၅

**၇. ၃။ နစ်နာကြေး ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ် . . . ၂၆**

**၇. ၄။ ဌာနေတိုင်းရင်းသားများနှင့် ပို၍ကျယ်ပြန့်သော စီမံကိန်းရေးဆွဲခြင်း . . . ၂၈**

**အခန်း ၈။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း . . . ၂၉**

**၈. ၁။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စီစဉ်ခြင်းများ . . . ၂၉**

**၈. ၂။ လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များ . . . ၃၁**

**၈. ၃။ သတင်းအချက်အလက်ဖြန့်ဝေခြင်း . . . ၃၁**

**၈. ၄။ သက်ဆိုင်သူများ တွေ့ထိမှု . . . ၃၁**

**၈. ၅။ တာဝန်ခံမှု . . . ၃၂**

**၈. ၆။ တိုင်းပြည်ပိုင်ဆိုင်မှုနှင့် တွေ့ထိမှု . . . ၃၂**

**၈. ၇။ သစ်တောပြုန်းတီးမှုနှင့် သစ်တောအဆင့်အတန်းကျဆင်းခြင်းမှ ထုတ်လွှတ်မှုလျော့ချခြင်း(REDD+) လုပ်ငန်းစဉ်များ . . . ၃၂**

**၈. ၈။ စွမ်းရည်နှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု . . . ၃၃**

**၈. ၉။ သယံဇာတခွဲဝေခြင်း . . . ၃၃**

**၈. ၁၀။ အသိပညာဖွံ့ဖြိုးစေခြင်းနှင့် ဆက်သွယ်ခြင်း . . . ၃၂**

**အခန်း ၉။ အသက်ဝင်သည့် ရက်စွဲနှင့် ပြန်လည်ဆန်းစစ်ခြင်း . . . ၃၄**

# အခန်း ၁။
# နိဒါန်းနှင့် နောက်ခံအကြောင်းအရင်း

၁။ ဌာနေတိုင်းရင်းသားများသည် အစိမ်းရောင်ရာသီဥတုဆိုင်ရာရံပုံငွေအဖွဲ့(**GCF**)၏ သူမတူ၍ ထင်ရှားသော ပါဝင်ဆက်နွယ် သက်ဆိုင်သူများဖြစ်ကြသည်။ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို သဘောတူ ညီချက်များပေါင်းစည်းခြင်းနှင့် ကုလသမဂ္ဂဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း (**UNDRIP**)အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးယန္တရားများအားဖြင့် အခိုင်အမာ အတည်ပြုထားကြသည်။ ဌာနေတိုင်းရင်းသားများတွင် ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းနှင့် လိုက်လျောညီထွေနေထိုင်ခြင်းတို့ကို ဆောင်ရွက်ရန်အဖိုးမဖြတ်နိုင်၍ အရေးကြီးသောအကျိုးပြုမှု များစွာရှိကြသည်။ ဌာနေတိုင်းရင်းသားတို့သည် ပတ်ဝန်းကျင်းပြောင်းလဲမှုဆောင်ရွက်ချက်များမှ ၎င်းတို့၏အခွင့်အရေးများသိရှိနိုင်ရန် ပြင်းထန်ဆိုးရွားသော အခက်အခဲများကို လက်ရှိအချိန်အထိ ရင်ဆိုင်တွေ့ကြုံနေရဆဲဖြစ်သည်။

၂။ ရာသီဥတုပြောင်းလဲမှုမူဝါဒများနှင့် ဆောင်ရွက်ချက်များတွင် ဌာနေတိုင်းရင်းသားများသိနားလည်ရန် အရေး ပါမှုအား ကန်ကွန်သဘောတူညီချက်(ဆုံးဖြတ်ချက် ၁။**CP.16**)တွင် အပါအဝင်ဖြစ်သော ရာသီဥတုပြောင်း လဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင်ညီလာခံ (**UNFCCC**)တွင် အဖွဲ့အစည်းများ၏ ကွန်းဖရင့် (**COP**)အား ဖြင့် အသိအမှတ်ပြုပြီးဖြစ်သည်။ ပဲရစ်သဘောတူညီချက်၏ နိဒါန်းအပိုင်းတွင် ရာသီဥတုပြောင်းလဲမှုအား ဖြေရှင်းရန်လုပ်ဆောင်ရာတွင် အဖွဲ့အစည်းများအနေဖြင့် အခြားအဖွဲ့များအနက်မှ ဌာနေတိုင်းရင်းသားများ ၏အခွင့်အရေးပေါ်တွင် ယင်းတို့၏ သက်ဆိုင်ရာတာဝန်ဝတ္တရားများအား လေးစားမြင့်တင်စဉ်းစားသင့် ကြောင်း စကားဦးသန်းခဲ့ပြီးဖြစ်သည်။ ပဲရစ်သဘောတူညီချက်အား အကောင်အထည်ဖော်ဆောင်ရွက်သော **COP** ဆုံးဖြတ်ချက်(ဆုံးဖြတ်ချက် ၁။**CP.21**)တွင် ရာသီဥတုပြောင်းလဲမှုအား ဖြေရှင်းတုံ့ပြန်ရာတွင်ဆက် စပ်နေပြီး ယင်းတို့အားကူညီလုပ်ကိုင်ရန် ဒေသအဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသားများအုတ်မြစ်အား ပေါ်ပေါက်လာစေရန် ဒေသအဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသားများ၏ အလေ့အကျင့်များနှင့် စိုက်ထုတ် မှုတို့အား အားကောင်းလာစေရန်လိုအပ်သည်ဟု ဆိုခဲ့သည်။ ဒေသခံ၊ ဌာနေနှင့် ရိုးရာဆိုင်ရာ အသိအမြင်၊ အလေ့အကျင့်များနှင့် လိုက်လျောညီထွေဖြစ်စေသော စီမံချက်များနှင့် အလေ့အကျင့်များတွင် ယင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုအပြင် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းလုပ်ငန်းများတွင် မြင့်တင်ရန် အကြံပြုချက်တစ်ခုအနေဖြင့် **COP** မှ **GCF** အား ထပ်မံတောင်းဆိုခဲ့ကြသည်။

၃။ ဌာနေတိုင်းရင်းသားများတွင် ပြည်မအဖွဲ့အစည်းများရှိ အဓိကအဖွဲ့အစည်းများနှင့်ကွဲပြားနေပြီး လုပ်ရိုးလုပ် စဉ်ပုံစံများဖြင့် လျှော့ချခြင်း၊ လိုက်လျောညီထွေဖြစ်စေခြင်းနှင့် ဖွံ့ဖြိုးမှုဆောင်ရွက်ပါက ဆိုးကျိုးများဖြစ်ပေါ် စေနိုင်သော လက္ခဏာများနှင့် ရည်မှန်းချက်များ တခါတရံတွင်ရှိနေတတ်သည်ကို **GCF** ဌာနေတိုင်းရင်း သားဆိုင်ရာမူဝါဒမှ လက်ကိုင်ထားသိရှိလက်ခံထားသည်။ နေရာအတော်များများတွင် ယင်းတို့သည် စီးပွား ရေးအရ ပျက်စီးထိရှလွယ်သော အစုအဖွဲ့များဖြစ်ကြသည်။ ဌာနေတိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေး နှင့် တရားရေးအခြေနေများသည် ရံဖန်ရံခါတွင် မြေယာ၊ နယ်မြေများ၊ သဘာဝနှင့် မိရိုးဖလာသယံဇာတ များတွင် ယင်းတို့၏အခွင့်အရေးနှင့် အကျိုးအမြတ်အားကာကွယ်ရန် စွမ်းဆောင်ရည်အား အကန့်သတ်ဖြစ် စေပြီး ဖွံ့ဖြိုးရေးစွန့်ဦးတီထွင်မှုများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ဆောင်ချက်များမှ အကျိုးအမြတ် များတွင် ပူးပေါင်းပါဝင်ရန် အရည်အချင်းများအား အဟန့်အတားဖြစ်စေနိုင်သည်။ ကိစ္စရပ်အတော်များများ တွင် ယင်းတို့သည် စီမံကိန်းအကျိုးအမြတ်များအား ညီမျှစွာမရရှိကြခြင်း သို့မဟုတ် အကျိုးအမြတ်များသည် ရိုးရာဓလေ့အရ သင့်တင့်စွာစီးဆင်းမှုမရှိပဲ ယင်းတို့၏ အသက်အိုးအိမ် သို့မဟုတ် အစုအဖွဲ့များအား အကြီး

အကျယ်သက်ရောက်စေနိုင်သော ကိစ္စရပ်များအား ရေးဆွဲခြင်း သို့မဟုတ် အကောင်အထည်ဖော်ရာတွင် မည်သည့်အခါတွင်မှ ထိရောက်စွာ အကြံပြုခွင့်မရရှိကြပေ။

၄။ **GCF**အတွက် အုပ်ချုပ်ရေးယန္တရား၊ ကြားဖြတ်ပတ်ဝန်းကျင်နှင့် လူမှုရေးရာအကာအကွယ်များ**(ESS)**ကဲ့သို့ အလားတူ အခြားမူဝါဒများ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံအုပ်ချုပ်မှု စံသတ်မှတ်ချက်မူကြမ်း **(ESMS)** တို့သည် ယင်းတို့၏ အခွင့်အရေးများအားလေးစားရန် **GCF**မှ ငွေကြေးထောက်ပံ့သော မဟာဗျူဟာများနှင့် လုပ်ငန်းဆောက်ရွက်ချက်များအား ရေးဆွဲခြင်း၊ ဖွံ့ဖြိုးစေခြင်းနှင့် အကောင်ထည်ဖော်ခြင်းတို့တွင် ဌာနေတိုင်းရင်းသားများနှင့် အပြည့်အဝထိရောက်စွာ တွေ့ဆုံမှု၏ အရေးပါမှုအား ရောင်ပြန်ဟပ်စေသည်။

၅။ ဆုံးဖြတ်ချက် **B.15/01** တွင် ဘုတ်အဖွဲ့၏ ၁၅ကြိမ်မြောက်အစည်းအဝေး **(B.15)**၌ ငွေးကြေးရံပုံငွေကျယ်ပြန့်သော ဌာနေတိုင်းရင်းသားများဆိုင်ရာမူဝါဒပေါ်ထွန်းလာစေရန် ဘုတ်အဖွဲ့မှ အုပ်ချုပ်ရေးအဖွဲ့အား တောင်းဆိုအကြံပြုခဲ့သည်။

၆။ ဤမူဝါဒသည် **GCF**အား ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေနေထိုင်ရေးဆိုင်ရာ ရည်မှန်းချက်များအားလုပ်ဆောင်နေချိန်တွင် ဆုံးဖြတ်ရေးအတွက် ဆက်နွယ်စဉ်းစားရာတွင် ဌာနေတိုင်းရင်းသားများအား ပူပေါင်းပါဝင်လာစေရန် အထောက်ကူပြုနိုင်သည်။ မူဝါဒအရ **GCF**သည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ၊ အကျိုးအမြတ်များနှင့် သာယာမှုများအား ထိခိုက်စေနိုင်သော ဖြစ်ရပ်များရှောင်ရှားရန်၊ မရှောင်ရှားနိုင်ပါက အဆိုပါဖြစ်ရပ်များအား အနည်းဆုံးဖြစ်စေရန်၊ လျှော့ချရန်နှင့်။ သို့မဟုတ် သင့်တင့်ညီမျှစွာ လျော်ကြေးပေးရန် တိကျသောနည်းလမ်းတစ်ခုဖြင့် အချိန်နှင့်အမျှ ဝင်ငွေများတိုးလာစေရန် ကြိုတင်မျှော်လင့်စေနိုင်မည်ဖြစ်သည်။ ယင်းမူဝါဒဆောင်ရွက်မှုများအား အထူးသဖြင့် **ESMS**ကဲ့သို့ အခြားသောစီးပွားရေးလုပ်ငန်းများနှင့် အုပ်ချုပ်ရေးယန္တရားများပူးပေါင်းပါဝင်ပြီး **GCF**အဖွဲ့၏ လုပ်ငန်းဆောင်တာများတွင် အသုံးပြုချနိုင်မည်ဖြစ်သည်။ **GCF**လုပ်ငန်းများဖွံ့ဖြိုးလာသကဲ့သို့ မူဝါဒသည် တစတစပြောင်းလဲတိုးတက်လာပြီး ဆက်လက်ရင့်သန်လာမည်ဖြစ်သည်။

၇။ ဤမူဝါဒရေးဆွဲရာတွင် **GCF**သည် ကုလသမဂ္ဂဌာတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း **UN-DRIP**၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း**(ILO)** ကွန်ဗင်းရှင်း ၁၆၉နှင့် စီးပွားရေး၊ လူမှုရေးနှင့် မိရိုးဖလာအခွင့်အရေးများ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ လူမျိုးရေးခွဲခြားခြင်း ပုံစံအမျိုးမျိုးအား တိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဌာနေတိုင်းရင်းသားများဆိုင်ရာ ကမ္ဘာ့ညီလာခံဟု ထင်ရှားသော ကုလသမဂ္ဂအထွေထွေညီလာခံအဆင့်ဖြင့် မျက်နှာစုံညီအစည်းအဝေး၏ရလဒ်အစီရင်ခံစာနှင့် မြို့ပြနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များတွင် ချမှတ်ထားသောစည်းမျဉ်းများမှ သင့်လျော်ရာအချက်များအား လိုက်နာဆောင်ရွက်ခဲ့သည်။

၈။ ဤမူဝါဒသည် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

# အခန်း ၂။
# အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၉။ ဤမူဝါဒတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **“**တာဝန်ရှိအဖွဲ့**”**ဆိုသည်မှာ **GCF**၏ အမှီအခိုကင်းသောအကဲဖြတ်ခြင်းအဖွဲ့၊ လွတ်လပ်သောဖြောင့်မတ်ခြင်းအဖွဲ့နှင့် လွတ်လပ်သောနောက်ပြန်လှည့်ခြင်း ယန္တရားတို့ကိုဆိုလိုသည်။

(ခ) **“**ဘုတ်အဖွဲ့**”** ဆိုသည်မှာ အုပ်ချုပ်ရေးယန္တရားအား ထောက်ပံ့နိုင်ရန် ကိုက်ညီစွာတည်ထောင်ထားသော **GCF**၏ ဘုတ်အဖွဲ့အားဆိုလိုသည်။

(ဂ) **“**စုပေါင်းသက်ဆိုင်ခြင်း**”**ဆိုသည်မှာ မျိုးဆက်များအတွက် အထွတ်အမြတ်ထားနေရာများကဲ့သို့ အစုအဖွဲ့အတွက် အထူးအနေဖြင့် ထင်ရှားမှုကိုပြသနေသော နေရာများအပါအဝင် အုပ်စုများမှ ပူပန်ကြသည့် ရုပ်ပိုင်းဆိုင်ရာလက်ဆောင်နှင့် မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်သော သို့မဟုတ် မိရိုးဖလာသုံးဆွဲပိုင်ဆိုင်ခဲ့သော မြေယာနှင့်နယ်မြေများတွင် စီးပွားရေးနှောင်ကြိုးများကို ဆိုလိုသည်။

(ဃ) **“**ယဉ်ကျေးမှုအမွေအနှစ်**”** ဆိုသည်မှာ လူများ၏အစဉ်အဆက်ပေါ်ထွက်ခဲ့သော တန်ဖိုးများ၊ ယုံကြည်မှုများ၊ အသိပညာနှင့် ရိုးရာဓလေ့များအား ရောင်ပြန်ခြင်းနှင့် ဖော်ပြခြင်းအဖြစ် လူအများသတ်မှတ်ထားသော သယံဇာတကိုဆိုလိုသည်။

(င) **“**ဆိုးရွားသော သို့မဟုတ် ထိခိုက်လွယ်သော**”** ဆိုသည်မှာ စီမံကိန်းအကျိုးကျေးဇူးရရှိရန် စွမ်းဆောင်နိုင်ခြင်းထက် စီမံကိန်းလုပ်ဆောင်ချက်များကြောင့် ဆိုးကျိုးများဖြစ်စေနိုင်သော သို့မဟုတ် ပိုမိုကြုံတည်းလာနိုင်စေသော အဖွဲ့များကိုဆိုလိုသည်။ ဤကဲ့သို့သော တစ်ဦးချင်း သို့မဟုတ် အဖွဲ့အား ပင်မအကြေပြုအစီစဉ်များတွင် အပြည့်အဝမပါဝင်နိုင်ဘဲ အထူးကိစ္စရပ်များဆောင်ရွက်ရန် လိုအပ်သောကြောင့် ဖယ်ထုတ်ရန် သို့မဟုတ် ပါဝင်လာနိုင်ရန် အကူအညီလိုအပ်သည့် အရွယ်ကြီးရင့်မှုနှင့် အသေးအဖွဲ့များအပါအဝင် အသက်အရွယ်နှင့် သက်ဆိုင်သောကိစ္စရပ်များနှင့် မိသားစုနှင့်ခွဲထားခံရသောအခြေအနေများတွင် ယင်းတို့မှီခိုနေရသော အစုအဖွဲ့နှင့် အခြားသူများ၏ အခြေနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

(စ) **“**ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာဆန်းစစ်ချက်များ**”** ဆိုသည်မှာ ကောင်းမွန်သော နိုင်ငံတကာစက်ရုံများ၏ အလေ့အထများကို လိုက်နာနေသောအပြုအမူအား ထင်ရှားစွာအသိမှတ်ပြုခြင်းများဖြင့် လုပ်ဆောင်သော ပတ်ဝန်းကျင်နှင့် လူမှုရေးအန္တရာယ်များ၊ ဆိုးကျိုးများနှင့် အခွင့်အလမ်းများအား ဆန်းစစ်မှုကိုဆိုလိုသည်။ ယင်းတို့သည် အထင်အရှားအသိအမှတ်ပြုရန် လိုအပ်ချက်များနှင့် **GCF ESS** စံနှုန်းများဖြင့် ကိုက်ညီစေရန် ပတ်ဝန်ကျင်းနှင့်လူမှုရေးရာ အန္တရာယ်များနှင့် ဆိုးကျိုးများရှုထောင့်အား ပေါင်းစပ်ပြေလည်နိုင်စေပြီး အကောင်းမွန်ဆုံးအစားထိုးနည်းလမ်းများ ဖြစ်ကြသည်။

(ဆ) **“ESS** စံနှုန်းများ**”**ဆိုသည်မှာ **GCF**၏ ပတ်ဝန်းကျင်နှင့် လူမှုရေးရာအကာအကွယ်များ**(ESS)** စံနှုန်းများနှင့် **GCF**၏ ကြားဖြတ် **ESS**စံနှုန်းများကိုဆိုလိုပြီး ယင်းတို့သည် နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း၏ လုပ်ဆောင်ချက်စံနှုန်းများအား နှီးနွယ်၍ ဘုတ်အဖွဲ့မှ မှီငြမ်းထားခြင်းဖြစ်သည်။

(ဇ) **"**အုပ်ချုပ်ရေးအဖွဲ့**"**ဆိုသည်မှာ အုပ်ချုပ်ရေးယန္တရား၏ အပိုဒ်၁၉အတိုင်း ကိုက်ညီစွာဖွဲ့စည်းထားသော **GCF**၏ အုပ်ချုပ်ရေးအဖွဲ့အားဆိုလိုသည်။

(ဈ) **"**ဌာနေတိုင်းရင်းသားများဆိုင်ရာစီမံချက်**(IPP)"**ဆိုသည်မှာ ယဉ်ကျေးမှုအရ သင့်တော်သော၊ ဌာနေတိုင်းရင်းသားများအတွက် စီမံကိန်းတစ်ခု၏ ကောင်းကျိုးများတိုးတက်လာစေရန် အခွင့်အလမ်းများနှင့် လုပ်ဆောင်ချက်များအားခွဲခြမ်းရန်နှင့် မလိုလားအပ်သောဆိုးကျိုးများ အနည်းဆုံးဖြစ်စေရန်နှင့်။ သို့မဟုတ် ပေးလျော်ရန်လုပ်ဆောင်ချက်များအား ဆိုလိုသည်။ ဒေသအခြေနေပေါ်မူတည်၍ လွတ်လပ်စွာရပ်တည်နေသော **IPP**တစ်ခုကို ပြင်ဆင်နိုင်သည် သို့မဟုတ် ပိုမိုကျယ်ပြန့်သော အစုအဖွဲ့များ ဖွံ့ဖြိုးမှုစီမံချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်နိုင်သည်။

(ည) **"**အတင်းအဓမ္မ ပြန်လည်နေရာချထားခြင်း**"** ဆိုသည်မှာ စီမံကိန်းနှင့်ဆက်စပ်နေသော မြေယာသိမ်းယူခြင်း သို့မဟုတ် မြေယာအသုံးပြုမှုအပေါ်တွင် ကန့်သတ်ချုပ်ချယ်မှုများကြောင့် ဖြစ်ပေါ်လာသော ရုပ်ပိုင်းဆိုင်ရာဖယ်ရှားမှု(ပြန်လည်နေရာချပေးခြင်း၊ နေထိုင်ရာမြေဆုံးရှုံးခြင်း သို့မဟုတ် နေထိုင်စရာဆုံးရှုံးခြင်း)၊ စီးပွားရေးဖယ်ရှားခြင်း (ဝင်ငွေအရင်းမြစ်များ သို့မဟုတ် အခြားလူနေမှုဘဝနည်းလမ်းများ ဆုံးရှုံးခြင်းများဖြစ်စေသော ကိစ္စရပ်များအပါအဝင် မြေယာပိုင်ဆိုင်မှု သို့မဟုတ် ပိုင်ဆိုင်မှုအားရစေသော လမ်းကြောင်းများဆုံးရှုံးမှု) သို့မဟုတ် ဖြစ်စဉ်များအားဆိုလိုသည်။

(ဋ) **"**မြေယာပိုင်ဆိုင်ခြင်း**"**ဆိုသည်မှာ ပွင့်လင်းစွာဝယ်ယူခြင်း၊ ပိုင်ဆိုင်မှုနှင့် လွတ်ငြိမ်းချမ်းသာခွင့်များ သို့မဟုတ် လမ်းကြောင်းအခွင့်အရေးများကဲ့သို့ အခွင့်အရေးလမ်းကြောင်းများအား ပိုင်ဆိုင်ခြင်းများအပါအဝင် စီမံကိန်းရည်ရွယ်ချက်အတွက် မြေယာရရှိရန် နည်းလမ်းများအားလုံးကို ဆိုလိုသည်။

(ဌ) **"**လူနေမှုဘဝများ**"**ဆိုသည်မှာ လုပ်အားအခြေပြုဝင်ငွေ၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ တိရစ္ဆာန်အစာရှာဖွေခြင်း၊ သဘာဝသယံဇာတအခြေပြု အခြားလူနေမှုဘဝများ၊ မိသားစုနှင့် အစုအဖွဲ့များ အသက်ရှင်နေထိုင်ရန်ကျင့်သုံးကြသော နည်းလမ်းပေါင်းစုံအား ဆိုလိုသည်။

(ဍ) **"**အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးခြင်း**"** ဆိုသည်မှာ (က) စီမံကိန်းအဆိုပြုချက်များ အပေါ်တွင် ကနဦးအမြင်များရရှိရန်နှင့် စီမံကိန်းပုံစံသတင်းပေးရန် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် စောစီးစွာစတင်သော၊ (ခ) အထူးသဖြင့် စီမံကိန်းပုံစံသတင်းပေးခြင်းနှင့် ပတ်ဝန်းကျင်နှင့် လူမှုရေးရာ အန္တရာယ်များနှင့် ဆိုးကျိုးများအားခွဲခြမ်းခြင်းနှင့် လျှော့ချရာတွင် သက်ဆိုင်သူများအား တွေ့ထိစေခြင်းနည်းလမ်းများဖြင့် သက်ဆိုင်သူများ၏ အပြန်အလှန်တုံ့ပြန်မှုကိုအားပေးသော၊ (ဂ) အန္တရာယ်နှင့် ဆိုးကျိုးများ မြင့်တက်လာသကဲ့သို့ စဉ်ဆက်မပြတ်သွားနေသော အခြေခံတစ်ခုအဖြစ် ဆက်လက်တည်နေသော၊ (ဃ) သင့်တော်ရာ ဒေသခံဘာသာစကားအား သက်ဆိုင်သူများနားလည်နိုင်သည့် ယဉ်ကျေးမှုအရသင့်တော်သောပုံစံဖြင့် သက်ဆိုင်သူများနှင့် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးခြင်းများဖြစ်စေသည့် အချိန်အတိုင်းအတာတစ်ခု၌ သင့်တော်သော၊ ပွင့်လင်းမြင်သာသော၊ ထိရောက်သော၊ အဓိပ္ပါယ်ပြည့်ဝပြီး လွယ်ကူစွာရရှိနိုင်သော သတင်းအချက်လက်များ၏ ကနဦးထုတ်ဖော်ချက်များနှင့် ဖြန့်ဝေခြင်းပေါ်တွင်အခြေခံသော၊ (င) အပြန်အလှန်တုံ့ပြန်မှုများအား အရေးတယူစဉ်းစားထုတ်ပြန်သော၊ (စ) စီမံကိန်းကြောင့် ထိလိုက်သောအဖွဲ့အစည်းများနှင့် တက်ကြွ၍ ထဲထဲဝင်ဝင်တွေ့ဆုံထိတွေ့ ထောက်ပံ့သော၊ (ဆ) ပြင်ပမှချုပ်ကိုင်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ခြိမ်းခြောက်မှုကင်းစင်သော၊ (ဇ) အစီရင်ခံစာထုတ်ပြန်သော နှစ်လမ်းသွားဖြစ်စဉ်တစ်ခုအားဆိုလိုသည်။

(ပ) **"**လျော့ချခြင်းဆိုင်ရာဖြစ်စဉ်အဆင့်ဆင့်**"**ဆိုသည်မှာ **GCF**၏ **ESS**စံနှုန်းများတွင် ဖော်ပြထားသကဲ့သို့ ရှောင်ရှားခြင်း၊ အနိမ့်ဆုံးဖြစ်စေခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် လျော်ကြေးပေးချေခြင်းများဖြင့် မလိုလားအပ်သောဆိုးကျိုးများအား ကန့်သတ်သကဲ့သို့ ယဉ်ကျေးမှုအရသင့်တော်ပြီး ရေရှည်ဖွံ့ဖြိုးမှု အကျိုးများအတွက် အခွင့်အလမ်းများရရှိရန် ဦးစားပေးအဆင့်ဆင့်များကို ချမှတ်ထားသည်။

(ဖ) **"**ကိုယ်စားလှယ်များ**"**ဆိုသည်မှာ ကျေးရွာခေါင်းဆောင်များ၊ မျိုးနွယ်စုခေါင်းဆောင်များ၊ အစုအဖွဲ့နှင့် ဘာသာရေးခေါင်းဆောင်များ၊ ဒေသအစိုးရကိုယ်စားလှယ်များ၊ မြို့ပြအဖွဲ့အစည်းကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများ သို့မဟုတ် ဆရာ/ဆရာမများအား ဆိုလိုသည်။

(ဗ) **"**သက်ဆိုင်သူများတွေ့ဆုံခြင်းဖြစ်စဉ် သို့မဟုတ် စီမံချက်**"**တွင် ယဉ်ကျေးမှုအရ သင့်တော်သော အပြုအမူနှင့် သက်ဆိုင်သူများတွေ့ဆုံနိုင်ရန်၊ သင့်တော်၍ နားလည်နိုင်သော သတင်းအချက်လက် များအား အချိန်မှန်ပေးအပ်နိုင်စေရန်နှင့် ယင်းတို့၏အမြင်များနှင့် စိုးရိမ်မှုများအားဖော်ပြရန် သက်ဆိုင်သူများ အတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်သော ဖြစ်စဉ်တစ်ခုဖန်တီးနိုင်ရန်၊ စီမံကိန်း၏ မဟာဗျူဟာ နှင့် အစီစဉ်များအားဖော်ပြထားပြီး သီးခြားကိစ္စရပ်များအား ထည့်သွင်းစဉ်းစား၍တုံ့ပြန်ရန် ခွင့်ပြု ထားသည်။

## အခန်း ၃။
## မူဝါဒ ရည်ရွယ်ချက်များ

၁၀။ ဤမူဝါဒ၏ ခြုံငုံရည်ရွယ်ချက်သည် ဌာနေတိုင်းရင်းသားများအား အပြည့်အဝလေးစားမှု၊ မြှင့်တင်ခြင်းနှင့် လုံခြုံစိတ်ချစေရန် တွန်းအားပေးသောနည်းလမ်းတစ်ခုဖြင့် **GCF**၏ လုပ်ဆောင်ချက်များ ထုတ်ဖော်အကောင်ထည်ဖော်နိုင်၍ ဖွဲ့စည်းပုံတစ်ခုကို ပေးစွမ်းနိုင်စေရန်ဖြစ်သည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများသည် (က) ယဉ်ကျေးမှုအရ သင့်တော်သောပုံစံဖြင့် **GCF**လှုပ်ရှားမှုများနှင့် စီမံကိန်းများမှ အကျိုးအမြတ်များရရှိသည်၊ (ခ) **GCF** မှ ကုန်ကျခံသော လှုပ်ရှားမှုများအားရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ခြင်းမှ အန္တရာယ်များ သို့မဟုတ် မလိုလားအပ်သောဆိုးကျိုးများကို မခံစားကြရပါ။ မူဝါဒအရ**GCF**သည် ပုံမှန်အမြလမ်းကြောင်းတစ်ခုဖြင့် ယင်း၏ချဉ်းကပ်မှုအား မြှင့်တင်ခွင့်နှင့် အချိန်နှင့်အမျှ ရလဒ်များတိုးတက်လာခွင့်ရှိသည်။

၁၁။ ဤမူဝါဒ၏ အသေးစိတ်ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွယ်ကူသော၊ အခွင့်အရေးများအားအခြေခံသော၊ ကျား/မ အပြန်အလှန်ရှိသော၊ ယဉ်ကျေးမှုအရ သင့်တော်ပြီး အားလုံးပါဝင်သောပုံစံဖြင့် ယင်းတို့၏ ဇဟုသုတရိုးရာစနစ်များ၊ လူနေမှုဘဝများ၊ ရေရှည်တည်တံ့သော သယံဇာတစီမံအုပ်ချုပ်မှုစနစ်များနှင့် အလေ့အကျင့်များအားအခြေခံ၍ ရာသီဥတုပြောင်းလဲမှုလျော့ချခြင်းနှင့် လိုက်လျောညီထွေစွာနေထိုင်ခြင်းတို့တွင် ဌာနေတိုင်းရင်းသားများ၏ သာယာဝပြောမှု၊ အပြုသဘောဆောင်သောမျှဝေခြင်းနှင့် ခေါင်းဆောင်မှုတို့အား ထောက်ပံ့မြှင့်တင်ရန်။

(ခ) ပိုမိုထိရောက်သော၊ ရေရှည်တည်တံ့ပြီးညီမျှသော ရာသီဥတုပြောင်းလဲမှုရလဒ်များ၊ အဖြေများနှင့် ဆိုးကျိုးများအား **GCF**မှ ရရှိစေရန် ကူညီကြသော ဌာနေတိုင်းရင်းသားများ၏ အရေးပါသော ကဏ္ဍရရှိစေရန်နှင့် ယင်းတို့အားလုပ်ငန်းစဉ်တွင် တက်ကြွသောခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ ဖြစ်လာစေရန်။

(ဃ) **GCF**သည် ယင်း၏လုပ်ရှားမှုများဆောင်ရွက်ရာတွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ၊ အကျိုးအမြတ်များနှင့် သာယာမှုများအား မလိုအပ်သောဆိုးကျိုးများအား ကြိုတင်မှန်းဆ၍ ရှောင် ရှားနိုင်ရန်နှင့် မရှောင်ရှားနိုင်ပါက ယင်းဆိုးကျိုးများအတွက် အနည်းဆုံးဖြစ်စေရန်၊ လျှော့ချရန်နှင့်/ သို့မဟုတ် သင့်လျော်စွာလျော်ကြေးပေးရန်နှင့် ညီမျှစွာဆောင်ရွက်နိုင်စေရန် **GCF**အတွက် မူဘောင် တစ်ခုဖြစ်ပေါ်လာစေရန်။

(င) ဌာနေအစုအဖွဲ့များအတွင်း အမျိုးသမီးများ၊ မိန်းမငယ်များနှင့် အခြားသောအုပ်စုများ ရင်ဆိုင်နေရ သော စိန်ခေါ်မှုအမျိုးမျိုးတို့ကို သီးခြားအလေးထားဆောင်ရွက်ရန်နှင့် မိရိုးဖလာဗဟုတသုတရှိသူများ နှင့် ယဉ်ကျေးမှုနှင့်ယုံကြည်မှုဆိုင်ရာ အမွေအနှစ်တန်ဖိုးများ အုပ်ထိန်းသူအဖြစ် ၎င်းတို့၏ အခန်း ကဏ္ဍအားပေးအပ်၍ **GCF**လုပ်ရှားမှုတွင် အမျိုးသမီးများ၏ပါဝင်မှုနှင့် ခေါင်းဆောင်မှုအား မြှင့်တင် ပေးရန်။

(စ) **GCF**၏ ရှေ့ပြေးလုပ်ရှားမှုနယ်ပယ်တစ်ခုလုံးတွင် ဌာနေတိုင်းရင်းသားများနှင့် နယ်မြေအုပ်ချုပ်မှု၏ အခွင့်အရေးများ၊ သိက္ခာတရား၊ ယုံကြည်မှုများ၊ စရိုက်လက္ခဏာများ၊ ယဉ်ကျေးမှု၊ ဘဝနေထိုင်မှုပုံစံ၊ လုပ်ပိုင်ခွင့်၊ အခန်းကဏ္ဍနှင့် သဘာဝသယံဇာတအား အခြေခံသော လူနေမှုပုံစံများအား သိရှိ အသိ အမှတ်ပြုနိုင်စေရန်နှင့် ဤမူဝါဒ၏ အပိုဒ်၂၂(ဂ)ပါ စည်းမျဉ်းများနှင့် **ILO**ညီလာခံ ၁၆၉နှင့် **UN-DRIP**ကဲ့သို့ သင့်တော်သောနေရာတွင် အသုံးပြုနိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ယန္တရား များအား လေးစားလိုက်နာရန်။

(ဆ) မိရိုးဖလာလက်ဝယ်ပိုင်ဆိုင်မှု သို့မဟုတ် အခြားသောမိရိုးဖလာလက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် သုံးစွဲ မှုသာမက အခြားနည်းလမ်းဖြင့် သိမ်းယူရရှိပိုင်ဆိုင်ထားသော မြေယာများ၊ နယ်မြေများနှင့် သယံဇာတ များအား ပိုင်ဆိုင်ခြင်း၊အသုံးပြုခြင်း၊ တိုးတက်ခြင်းနှင့် ထိန်းချုပ်မှုများတွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအားမြှင့်တင်၍ လေးစားရန်။

(ဇ) ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဗဟုသုတနှင့် အလေ့အကျင့်များအား သိရှိလေးစားထိန်း သိမ်းရန်နှင့် ယင်းတို့လက်ခံနိုင်သောပုံစံနှင့် အချိန်မူဘောင်အတိုင်း ပြောင်းလဲလာသောအခြေအနေ များအား လိုက်လျောညီထွေဖြစ်စေရန် အခွင့်အလမ်းတစ်ခုအား ယင်းတို့ကိုပေးအပ်နိုင်ရန်။

(ဈ) ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ယုံကြည်မှုအမွေအနှစ်နှင့် တန်ဖိုးများ၊ မိရိုးဖလာ ဗဟုသုတ၊ သဘာဝနှင့် စီးပွားရေးသယံဇာတ စီမံအုပ်ချုပ်မှုစနစ်များနှင့် အလေ့အကျင့်များ၊ အလုပ်အကိုင်နှင့် လူနေမှုဘဝပုံစံများ၊ ရိုးရာအဖွဲ့အစည်းများနှင့် အလုံးစုံသာယာဝပြောမှုများအား အပြည့်အဝလေး စားရန်သာမက မြှင့်တင်ထိန်းသိမ်းမှုအား တွန်းအားပေးရန်။

(ည) မူဝါဒတွင်ဖော်ပြထားသကဲ့သို့ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူ ခြင်းများအား သိရှိပြီး ထိရောက်စွာအသုံးချရန်။

(၄) လုပ်ရှားမှု အကောင်ထည်ဖော်နေစဉ်တလျှောက် **GCF**ကုန်ကျခံထားသော လုပ်ရှားမှုများကြောင့် ထိခိုက်နိုင်သော ဌာနေအမျိုးသမီး၊ လူငယ်လူရွယ်နှင့် သက်ကြီးရွယ်အိုများအပါအဝင် ဌာနေတိုင်ရင်းသားများ၏ အပြည့်အဝသိရှိ အကြံပြုကြခြင်းနှင့် ထိရောက်စွာပါဝင်ခြင်းတို့အား အခြေခံ၍ စဉ်ဆက်မပြတ် ထိတွေ့ တွေ့ဆုံမှုအား တည်ထောင်ထိန်းသိမ်းရန်။

(၅) **GCF**လုပ်ရှားမှုနှင့် ဆက်စပ်နေသော ဌာနေတိုင်းရင်းသားများကြောင့် မြင့်တက်လာသော ပြဿနာများအားဖြေရှင်းရာတွင် ထိရောက်ရန်နှင့် လွယ်ကူမှုတ၍ ပွင့်လင်းမြင်သာပြီး ယဉ်ကျေးမှုအရသင့်တော်မှုရှိစေရန်။ နှင့်

(၃) **GCF**မှကုန်ကျခံထားသော လုပ်ရှားမှုများ၏ အကျိုးကျေးဇူးများအား ဌာနေတိုင်းရင်းသားများ သာတူညီမျှရရှိစေရန်နှင့် လုပ်ဆောင်လည်ပတ်နိုင်စေရန်။

## အခန်း ၄။
## အသုံးပြုနယ်ပယ်

၁၂။ ဤမူဝါဒကို **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုအားလုံးနှင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍကိစ္စနှစ်ရပ်လုံးတွင် အသုံးချမည်ဖြစ်သည်။ ဤမူဝါဒကို ကျိုးကြောင်းဆီလျော်စွာဖြစ်နိုင်သော အတိုင်းအတာအထိ အတည်ပြုထားသည့် **GCF**မှ ထောက်ပံ့ထားသောလုပ်ရှားမှုများ၏ အစီအစဉ်များ၊ စီမံကိန်းနှင့် စီမံကိန်းခွဲများပါဝင်သည်။ ဘဏ္ဍာရေးယန္တရားများသည် ပုံစံကွဲပြားနိုင်ပြီး ထောက်ပံ့ကြေးများ၊ အတိုးသက်သာသောချေးငွေများ၊ အာမခံထားခြင်းများနှင့် အချိုးညီရင်းနှီးမြှုပ်နှံမှုပုံစံများပါဝင်နိုင်သည်။

၁၃။ ဤမူဝါဒကို အောက်ပါစာပိုဒ်များ၌ သတ်မှတ်ဖွင့်ဆိုထားသောလက္ခဏာများရှိသည့် ဌာနေတိုင်းရင်းသားများအတွက် အသုံးပြုမည်ဖြစ်သည်။

၁၄။ ဤမူဝါဒတွင် ဌာနေတိုင်းရင်းသားများဟုဆိုသော ဝေါဟာရသည် အဆင့်ဆင့်ကွဲပြားနေပြီး အောက်ဖော်ပြပါ ဝိသေသလက္ခဏာများကို ပိုင်ဆိုင်ထားသော ထင်ရှားသည့် လူမှုရေးနှင့် ယဉ်ကျေးမှုအုပ်စုကို ရည်ညွှန်းသော ယေဘုယျအမြင်တစ်ခုဖြစ်သည်။

(က) ထင်ရှားသည့် ဌာနေလူမှုရေးနှင့် ယဉ်ကျေးမှုအုပ်စုတစ်ခု၏ အဖွဲ့ဝင်များအဖြစ် မိမိဘာသာသက်သေပြနိုင်ခြင်းနှင့် ဤသက်သေခံချက်ကို အခြားသူများမှ အသိအမှတ်ပြုခြင်း။

(ခ) ပထဝီဝင်အနေအထားအရ ထင်ရှားသော နေထိုင်မှုပုံစံများ၊ ဘိုးစဉ်ဘောင်ဆက်နယ်မြေများ၊ သို့မဟုတ် ရာသီအလိုက်သုံးစွဲမှု သို့မဟုတ် ပိုင်ဆိုင်သည့်နေရာများသာမက ယင်းနေရာများရှိ သဘာဝသယံဇာတများနှင့် အစဉ်အဆက် ဆက်နွယ်နေခြင်း။

(ဂ) ပင်မအဖွဲ့အစည်း သို့မဟုတ် ယဉ်ကျေးမှုများမှ ထင်ရှားသော သို့မဟုတ် ကွဲပြားသော ရိုးရာယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာစနစ်များ။

(ဃ) ယင်းတို့နေထိုင်သည့် နိုင်ငံ သို့မဟုတ် တိုင်းဒေသကြီး၏ တရားဝင်ဘာသာစကား သို့မဟုတ် ဘာသာစကားများမှ တခါတရံ ကွဲပြားနိုင်သော ထင်ရှားသည့်ဘာသာစကား သို့မဟုတ် ဒေသိယစကား။ ယင်းတွင် ယခင်ကရှိသော်လည်း ထင်ရှားသောဘာသာစကား သို့မဟုတ် ဒေသိယစကားကို ထိန်းသိမ်းရန် အစုအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုအတွက် ခက်ခဲလာစေသည့်အကြောင်းရာများကြောင့် လက်ရှိအချိန်တွင် မရှိတော့သော ဘာသာစကား သို့မဟုတ် ဒေသိယစကား ပါဝင်သည်။

၁၅။ **GCF**သည် ဤမူဝါဒ အသုံးပြုရန်ဆုံးဖြတ်သော အခြေခံမှတ်ကျောက်တစ်ခုအနေဖြင့် ဌာနေတိုင်းရင်းသားများအဖြစ် ခွဲခြားဆန်းစစ်ခြင်း၊ ဌာနေ သို့မဟုတ် အတူနေလူအုပ်စုအဖြစ် မိမိဘာသာ သက်သေခံချက်များတွင် အများလက်ခံအသုံးပြုသော မှတ်ကျောက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

၁၆။ အချို့နိုင်ငံများတွင် ထိုကဲ့သို့သောအုပ်စုများကို ဌာနေတိုင်းရင်းသားအဖြစ်ရည်ညွှန်းသည်။ အခြားနိုင်ငံများတွင် ယင်းတို့အား "ဌာနေတိုင်းရင်းသားများနှင့် ဒေသအစုအဖွဲ့များ"၊ "ဒေသအစုအဖွဲ့များ"၊ "ဆာဟာရဒေသ သမိုင်းအစဉ်အဆက် အစေအပါးဖြစ်သော ရိုးရာဒေသ အာဖရိကန်အစုအဖွဲ့များ"၊ "ဌာနေလူမျိုးလူနည်းစုများ"၊ "တောင်အာဖရိကနှင့် ကာရေဘီယံဒေသ၏ အာဖရိကန်နွယ်ဖွား ဆင်းသက်လာသောအစုအဖွဲ့များ"၊ "လူမျိုးစုများ"၊ "ရှေးတိုင်းရင်းသားများ"၊ "တောင်ပေါ်နေလူစုများ"၊ "ထိခိုက်ရှလွယ်ပျက်စီးလွယ်သော အုပ်စုများ"၊ "လူနည်းစုနိုင်ငံသားများ"၊ "အစီအစဉ်တကျလူစုများ"၊ "ပထမဆုံးလူမျိုးများ"၊ "လူစုအဖွဲ့များ"၊ "ကျေးလက်နေလူထုများ"၊ "မုဆိုးအစုများ"၊ "အိမ်ယာအတည်တကျမရှိသော အုပ်စုများ" သို့မဟုတ် "တောတွင်းနေထိုင်သူများ" ကဲ့သို့ အခြားသောဝေါဟာရများဖြင့် ရည်ညွှန်းဖော်ပြသည်။

၁၇။ ဤမူဝါဒကို **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ အကောင်အထည်ဖော်မည့်နေရာများတွင် ဌာနေတိုင်းရင်းသားများရှိနေသော သို့မဟုတ် အစဉ်အဆက်ဆက်စပ်မှုရှိသော အချိန်တိုင်းတွင် အသုံးပြုသည်။ ဤတွင် အဓမ္မခိုင်းစေမှု၊ ပဋိပက္ခ၊ အစိုးရပြန်လည်နေရာချထားရေး အစီအစဉ်များ၊ မြေယာသိမ်းယူခံရခြင်း၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ယင်းနယ်မြေများအား မြို့ပြနေရာအဖြစ် ပြောင်းလဲရာတွင် မပူးပေါင်းခြင်းတို့ကြောင့် စီမံကိန်းဧရိယာအတွင်းရှိ ထင်ရှားသောနေရာများ သို့မဟုတ် အုပ်စုတွင်ပါဝင်သူများ၏ သက်တမ်းအတွင်းရှိ ဌာနေတိုင်ရင်းသားများပါဝင်သည်။

၁၈။ ဤမူဝါဒကို ဌာနေတိုင်းရင်းသားများသည် ကောင်းကျိုးခံစားရသည်ဖြစ်စေ ဆိုးကျိုးခံစားရသည် ဖြစ်စေ၊ ထိခိုက်ခံစားမှု မည်မျှထင်ရှားသည်ကို ထည့်သွင်းမစဉ်းစားပဲ အသုံးပြုမည်ဖြစ်သည်။

၁၉။ ဤမူဝါဒအား အသုံးပြုခြင်းကို နိုင်ငံတစ်နိုင်ငံတွင် ဌာနေတိုင်းရင်းသားများကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် သက်သေထူခြင်းမရှိခြင်းအချက်ဖြင့် အကန့်အသတ်ရှိစေမည် မဟုတ်ပါ။ အလားတူပင် ဌာနေမြေယာများ၊ သယံဇာတများနှင့် နယ်မြေများခေါင်းစဉ်အတွက် တရားဝင်အခြေအနေများကြောင့်လည်း ယင်းမူဝါဒကို အကန့်အသတ်ရှိစေမည်မဟုတ်ပါ။

၂၀။ ထိခိုက်ရှလွယ်ခြင်းသဘာဝနှင့် ပမာဏသည် အကျိုးအမြတ်အား အညီအမျှရရှိစေရန် မြှင့်တင်ခြင်း သို့မဟုတ် မလိုလားအပ်သောဆိုးကျိုးများအား လျှော့ချရန်စီမံချက်များရေးဆွဲရာတွင် အဓိက အကြောင်းအရာတစ်ခုဖြစ်သော်လည်း ဤမူဝါဒကို ကွဲပြားထင်ရှားသော စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးရာထိခိုက်ရှလွယ်ခြင်းများ ရှိခြင်း/မရှိခြင်းကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ အသုံးပြုမည်ဖြစ်သည်။

# အခန်း ၅။
# လမ်းညွှန်စည်းမျဉ်းများ

၂၁။ **GCF**၏ ရှိပြီးသားနှင့် အဆိုပြုထားသောမူဝါဒများ၏ လမ်းညွှန်စည်းမျဉ်းများကို ဤမူဝါဒတွင် အသုံးပြုမည်ဖြစ်သည်။

၂၂။ ထို့အပြင် ဤမူဝါဒအတွက် လမ်းညွှန်စည်းမျဉ်းများတွင် အောက်ပါအချက်များပါဝင်မည်ဖြစ်သည်။

(က) လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းကို ဖော်ထုတ် အကောင်အထည်ဖော်ရမည်။ အခန်း ၇. ၂တွင် ဖော်ပြထားသကဲ့သို့ ဌာနေတိုင်းရင်းသားများ၏ မြေယာများ၊ နယ်မြေများ၊ သယံဇာတများ၊ လူနေမှုဘဝပုံစံများနှင့် ယဉ်ကျေးမှုများကို ထိခိုက်စေနိုင်သော သို့မဟုတ် ယင်းတို့အား ပြန်လည်နေရာချပေးရန်လိုအပ်သော **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အချိန်တိုင်း သင့်တော်သောလုပ်ငန်းစဉ်များနှင့် အထူးသဖြင့် ယင်းတို့၏ ကိုယ်စားလှယ်အဖွဲ့စည်းများမှတဆင့် **GCF**သည် ထိရောက်သော အကြံပြုဆွေးနွေးခြင်းနှင့် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းကို အသုံးပြုနိုင်သည့် အထောက်အထားကို သေချာစွာလိုအပ်သည်။

(ခ) ဌာနေတိုင်းရင်းသားများ၏ မြေယာများ၊ နယ်မြေများနှင့် သယံဇာတများပေါ်ရှိ အခွင့်အရေးများအား လေးစား၍ မြှင့်တင်ပေးရမည်။ **GCF** မှ လှုပ်ရှားမှုအားလုံးသည် မြေယာများ၊ နယ်မြေများ၊ သယံဇာတများနှင့် သက်ဆိုင်သော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ၊ ယဉ်ကျေးမှုနှင့် သက်ဝင်ယုံကြည်မှုဆိုင်ရာ အမွေအနှစ်နှင့် တန်ဖိုးများ၊ မိရိုးဖလာအသိပညာ၊ သယံဇာတစီမံအုပ်ချုပ်မှု စနစ်များနှင့် အလေ့အကျင့်များ၊ ပိုင်ဆိုင်မှုများနှင့် လူနေမှုဘဝပုံစံများ၊ ရိုးရာအဖွဲ့အစည်းများနှင့် အလုံးစုံသာယာဝပြောမှုနှင့် သက်ဆိုင်သော အခွင့်အရေးများကို အပြည့်အဝလေးစား၍ ထောက်ပံ့မည်ဖြစ်သည်။

(ဂ) အခရာကျသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများနှင့် စည်းမျဉ်းများအားသိရှိရမည်။ **GCF**၏ လှုပ်ရှားမှုအားလုံးသည် **UNDRIP**နှင့် **ILO**ညီလာခံအမှတ် ၁၆၉၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်နှင့် လူမျိုးရေးခွဲခြားမှုပုံစံမျိုးစုံအား တိုက်ဖျက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအပါအဝင် သင့်လျော်ရာအတိုင်း ဌာနေတိုင်းရင်းသားများနှင့် တစ်ဦးချင်းအခွင့်အရေးများနှင့် သက်ဆိုင်သော အခြားသက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းယန္တရားများတွင် ချမှတ်ထားသောစည်းမျဉ်းများအား လေးစားလိုက်နာမည်ဖြစ်သည်။

(ဃ) ကိုယ်ထူကိုယ်ထသီးသန့်ရှိနေခြင်းအောက်တွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားလိုက်နာရမည်။ **GCF**သည် "ကိုယ်ထူကိုယ်ထသီးသန့်ရှိနေသောသူများ"၊ "သီးခြားလူများ" သို့မဟုတ် "ပထမဆုံးတွေ့ဖူးသူများ"ဟု ခေါ်ကြသော ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုနည်းပါးသော သီးသန့်အဖွဲ့များ သို့မဟုတ် ဝေးလံခေါင်သီသောအုပ်စုများတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသားများ ဆက်လက်၍ သီးခြားရှိနေစေရန်နှင့် ယင်းတို့၏ယဉ်ကျေးမှုအရ လွတ်လပ်စွာနေထိုင်နိုင်ရန် အခွင့်အရေးများကို လေးစားလိုက်နာမည်ဖြစ်သည်။ ယင်းတိုင်းရင်းသားများ၊ ၎င်းတို့၏ မြေယာများနှင့် နယ်မြေများ သို့မဟုတ် ဘဝပုံစံများကို သက်ရောက်စေနိုင်သော လှုပ်ရှားမှုများတွင် ၎င်းတို့၏ မြေယာများနှင့်

နယ်မြေများ၊ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုတို့အား သိရှိ လေးစား၊ ကာကွယ်ရန်နှင့် လုပ်ရှားမှုအကျိုးဆက်အနေဖြင့် ယင်းတို့နှင့် ထိတွေ့မှုအားရှောင်ရှားရန် သင့်တော်သော နည်းလမ်းများ ပါဝင်သည်။

(င) မိရိုးဖလာအသိပညာနှင့် လူနေမှုဘဝပုံစံစနစ်များကို လေးစား၍ အသိမှတ်ပြုရမည်။ **GCF**သည် ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကိုသာမက ဌာနေတိုင်းရင်းသားများ ဆုပ်ကိုင်ထားသော မိရိုးဖလာအသိပညာ၊ ပိုင်ဆိုင်မှုနှင့် အသိပညာလက်ဆင့်ကမ်းခြင်း မိရိုးဖလာနည်းလမ်းများကို အသိအမှတ်ပြု လေးစားတန်ဖိုးထားသည့်အပြင် **GCF**မှ ကုန်ကျခံသော လှုပ်ရှားမှုများတွင် မိရိုးဖလာအသိပညာရှိသူများ၏ ပူးပေါင်းပါဝင်မှုနှင့် ခေါင်းဆောင်မှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

(စ) **GCF**အတွင်း ဌာနေတိုင်းရင်းသားပြဿနာအတွက် စွမ်းဆောင်ရည်မြှင့်တင်ရမည်။ **GCF**သည် ဘုတ်အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုအပါအဝင် ဌာနေတိုင်းရင်းသားများ၏ ပြဿနာများနှင့် အခွင့်အရေးများအား နားလည်၍ ကောင်းမွန်စွာ ဖြေရှင်းနိုင်စေရန် ၎င်း၏ အကြံပြုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း စွမ်းဆောင်ရည်များအား မြှင့်တင်ရမည်ဖြစ်သည်။

(ဆ) ဌာနေတိုင်းရင်းသားများ **GCF**အရင်းမြစ်များအားရရှိစေရန် ကူညီဆောင်ရွက်ရမည်။ **GCF**သည် ဌာနေတိုင်းရင်းသားများထိတွေ့ပါဝင်နိုင်စေရန် အမျိုးသားအဆင့်သတ်မှတ်ထားသော လုပ်ပိုင်ခွင့်များနှင့် အသိအမှတ်ပြုထားသောအဖွဲ့များအား တွန်းအားပေးမည်ဖြစ်သည်။ **GCF**သည် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းနှင့် လိုက်လျောညီထွေစွာနေထိုင်ခြင်း လုပ်ဆောင်ချက်များအတွက် ၎င်းတို့၏ ကနဦးခြေလှမ်းများနှင့် ဝါယမစိုက်ထုတ်မှုများအားကူညီရန် ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်များနှင့် ဦးစားပေးများ ပိုမိုပြည့်ဝစေရန် အစီအမံများအား ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

(ဇ) မိမိဘာသာစီမံအုပ်ချုပ်မှုစနစ်အား လေးစားခြင်း။ **GCF**သည် ၎င်းတို့၏ ဝန်းကျင်ဒေသကိစ္စရပ်နှင့် သက်ဆိုင်သောကိစ္စများတွင် ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် မိမိဘာသာအုပ်ချုပ်ခွင့်အခွင့်အရေးသာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့် လုပ်ငန်းစဉ်များ၊ ငွေကြေးယန္တရားအတွက် နည်းပေါင်းစုံ၊ ပုံစံပေါင်းစုံအား လွတ်လပ်စွာ လိုက်ပါနိုင်ရန် ဌာနေအစုအဖွဲ့များ၏ အခွင့်အရေးအား လေးစားမှုကို မြှင့်တင်သင့်သည်။

# အခန်း ၆။
# အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား ခြုံငုံသုံးသပ်ချက်

## ၆. ၁။ GCF၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား ခြုံငုံသုံးသပ်ချက်

၂၃။ လုပ်ငန်းစဉ်လမ်းညွှန်ချက်များ။ **GCF**သည် ဤမူဝါဒနှင့် ကိုက်ညီစေရန် လုပ်ငန်းစဉ်လမ်းညွှန်ချက်များအား ပေါ်ထွက်လာစေခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ရန်တာဝန်ရှိသည်။

၂၄။ အစီရင်ခံတင်ပြခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ **GCF**သည် ဤမူဝါဒအကောင်အထည်ဖော်ရာမှ ရရှိသောအတွေ့အကြုံနှင့် အသိပညာအား အစီရင်ခံတင်ပြရန်နှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၂၅။ တရားဝင်အသိအမှတ်ပြုခြင်း။ ထင်ရှားသောအဖွဲ့များအား တရားဝင်အသိအမှတ်ပြုခြင်းနှင့် ပတ်သက်၍ **GCF**သည် ဤမူဝါဒအကောင်အထည်ဖော်ရန် ထင်ရှားသောအဖွဲ့များ၏ စွမ်းဆောင်ရည်ကို ဆုံးဖြတ်ရန် တာဝန်ရှိသည်။ စွမ်းဆောင်ရည်များရှိသောနေရာများတွင် **GCF**သည် ဤမူဝါဒနှင့်အတူ အထင်အရှားအရာများနှင့် ကြားခံများ အသုံးပြုသောစနစ်ဖြင့် ချဉ်းကပ်မှုနှင့် တည်မြဲမှုကို ဆန်းစစ်မည်ဖြစ်သည်။ လိုအပ်ပါက **GCF**သည် ရနိုင်သောအထောက်အပံ့နှင့် အကူအညီအား ဖြန့်ဝေခြင်းအပါအဝင် ၎င်းတို့၏ စွမ်းဆောင်ရည်များမြှင့်တင်ရန် လုပ်ဆောင်ချက်များတွင် အထင်ရှားရှိသောအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

၂၆။ စီမံကိန်းတစ်လျှောက် အန္တရာယ်များအား စီမံအုပ်ချုပ်ခြင်း။ **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ သတ်မှတ်ချက်များအတွင်း **GCF**သည် အောက်ပါကိစ္စရပ်များတွင် တာဝန်ရှိသည်။

(က) ဤမူဝါဒနှင့် ကိုက်ညီသော စီမံအုပ်ချုပ်မှုစနစ်အား အကောင်ထည်ဖော်ရန် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ လိုအပ်ခြင်း။ ဤနည်းအားဖြင့် **GCF**မှ ကုန်ကျခံသော လှုပ်ရှားမှုများမှ ဖြစ်ပေါ်လာသော အန္တရာယ်များနှင့် ဆိုးကျိုးများ၏ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းနှင့် စနစ်တကျ တည်တံ့ခိုင်မာ၍ ပွင့်လင်းမြင်သာသော စနစ်တစ်ခုရရှိနိုင်ခြင်း။ လစ်ဟာချက်များ သို့မဟုတ် အားနည်းချက်များရှိပါက **GCF**မှ ကုန်ကျခံသောလှုပ်ရှားမှုများအကောင်အထည်မဖော်မီ ယင်းတို့အား **GCF**နှင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များအား လိုလားနိုင်သောပုံစံနှင့် အချိန်အတိုင်း တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ ဖြေရှင်းပြီး ထိရောက်သောစနစ်တစ်ခု အတည်တကျရှိလာစေရန် **GCF**မှ ဆောင်ရွက်ရန်လိုအပ်သည်။

(ခ) တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ ဆောင်ရွက်နေစဉ်အတွင်း သင့်တော်သော စိစစ်ခြင်းနှင့် ကဏ္ဍခွဲခြားခြင်းဖြစ်စဉ်များအား လိုအပ်ခြင်းနှင့် သေချာစေခြင်း။

(ဂ) ငွေကြေးကိစ္စများတွင် ထည့်သွင်းစဉ်းစားရန် အဆိုပြုထားသော လှုပ်ရှားမှုများတွင် လုံလောက်သော လုံ့လဝီရိယစိုက်ထုတ်ခြင်းနှင့် ဤမူဝါဒနှင့်ကိုက်ညီ၍ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း၊ အန္တရာယ်များနှင့် ဆိုးကျိုးများစီမံအုပ်ချုပ်ရန် ကျေနပ်ဖွယ်ရာချဉ်းကပ်မှုများနှင့် ယင်းအဆိုပြုထားသော လှုပ်ရှားမှုများသာလျှင် ငွေကြေးထောက်ပံ့ရန် ဘုတ်အဖွဲ့အား အကြံပြုခြင်း။

(ဃ) လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းကို ကောင်းမွန်စွာပေးအပ်ထားသည်ဖြစ်စေ **GCF**သည် လှုပ်ရှားမှုများအား ငွေကြေးထောက်ပံ့ခြင်းကို ထည့်သွင်းစဉ်းစားသင့်ပြီး သင့်တော်သောရှောင်ရှားခြင်း၊ လျှော့ချခြင်းနှင့် ငွေကြေးဆိုင်ရာစဉ်းစားဖွယ်ရာများ လုပ်ငန်းစဉ်များကိုက်ညီမှုရှိပါက လျော်ကြေးပေးခြင်းကိစ္စရပ်များကို ဆုံးဖြတ်သင့်ခြင်းကိုဖြစ်စေ ဆန်းစစ်ရန်လိုအပ်သော သတင်းအချက်အလက်နှင့် လှုပ်ရှားမှုများအတွက် အန္တရာယ်များနှင့် ဆိုးကျိုးများအကဲဖြတ်ဆန်းစစ်ခြင်းများလိုအပ်ခြင်း။ အကဲဖြတ်ဆန်းစစ်ရာတွင် လစ်ဟာချက်များနှင့် အားနည်းချက်များရှိပါက **GCF**သည် ယင်းကိစ္စများအား ဖြေရှင်းရန်လိုအပ်သည်။

(င) တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များကို (အမှုဆောင်အထင်ရှားအရာ ကဏ္ဍတစ်ခုပါဝင်နိုင်သော) အကောင်ထည်ဖော်ရန်၊ လှုပ်ရှားမှုများအကောင်ထည်ဖော်ရာတွင် ကြီးကြပ်စစ်ဆေးရန်နှင့် (ကြားခံနယ်တစ်ခုအနေဖြင့်) ဤမူဝါဒနှင့် ကိုက်ညီရန်နှင့် ကွာဟချက်များ သို့မဟုတ် အားနည်းချက်များဖြေရှင်းရန် လိုအပ်ခြင်း။

(စ) စောင့်ကြည့်စစ်ဆေးခြင်းနှင့် တာဝန်ခံခြင်းမူဘောင်နှင့် ကိုက်ညီရန်လိုအပ်သကဲ့သို့ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ထောက်ပံ့ထားသောလုပ်ရှားမှုများ၏ လုပ်ဆောင်မှုနှင့်သက်ဆိုင်သော စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းများ ဆောင်ရွက်ခြင်း။

(ဆ) **GCF**မှ ကုန်ကျခံသော လုပ်ရှားမှုများ သို့မဟုတ် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့်ပတ်သက်၍ အဆိုပြုထားသောလုပ်ငန်းစဉ်ပြောင်းလဲမှုများအား ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်ပါက ဤမူဝါဒကိုတည့်မတ်စေရန် ထပ်စောင်းလုပ်ဆောင်ချက်များ လိုအပ်ခြင်း။

၂၇။ သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ သက်ဆိုင်သူများတွေ့ဆုံခြင်းနှင့် နစ်နာမှုပြန်လည်ပြင်ဆင်ခြင်း။ **GCF** သည် အောက်ပါတို့တွင်တာဝန်ရှိသည်။

(က) လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းနှင့် အန္တရာယ်၊ ဆိုးကျိုးများနှင့်သက်ဆိုင်သော သတင်းအချက်အလက်အားလုံးသည် သက်ဆိုင်ရာသတင်းအချက်များကို ထုတ်ဖော်ရာတွင် ကွာဟချက်များ သို့မဟုတ် အားနည်းချက်များကို ဖြေရှင်းရန် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ လုပ်ကိုင်ခြင်းနှင့် **GCF**သတင်းအချက်အလက်ဖော်ထုတ်ခြင်းမူဝါဒ၏ လိုအပ်ချက်များနှင့်ပြည့်စုံစေရန် သင့်တော်စွာဖော်ထုတ်ထားရန် အတည်ပြုစေခြင်း။

(ခ) မည်သို့သော **GCF**လှုပ်ရှားမှုကြောင့် ထိခိုက်သော သို့မဟုတ် ထိခိုက်ရန်အလားအလာရှိသော လူများနှင့် အစုအဖွဲ့များကို တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ သို့မဟုတ် လှုပ်ရှားမှုများအား ရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ရာတွင် ၎င်းတို့၏ အမှုဆောင်အထင်အရှားအဖွဲ့များမှတစ်ဆင့် အကြံပြုခြင်းနှင့် သင့်တော်သောနစ်နာမှုနှင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များကို တည်ထောင်ပြီး **GCF**အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းယန္တရားအတွက် မရှိမဖြစ်လုပ်ဆောင်ရပြီး မည်သို့သော ကွာဟချက်များ သို့မဟုတ် အားနည်းချက်များကို ဖြေရှင်းရန်လိုအပ်သော နည်းလမ်းဖြင့် ဆောင်ရွက်လုပ်ဆောင်ရန် အတည်ပြုခြင်း။

(ဂ) တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် လှုပ်ရှားမှုတိကျသည့် နစ်နာမှုပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို တည်ဆောက်၍ အမှီအခိုကင်းသောပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်၏ အကိုးအကား၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းဝေါဟာရများနှင့် မူဝါဒနှင့် လိုအပ်ချက်ကိုက်ညီပြီး အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်မှ လက်ခံရရှိသော တိုင်တန်းချက်များကို တုံ့ပြန်ရန်အလို့ငှာ အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းလမ်းစဉ်၏ အကြံပြုချက်အပေါ်တွင် ဘုတ်အဖွဲ့မှတောင်းဆိုထားသော ဖြေရှင်းရန်ဆောင်ရွက်ချက်များအား အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် သေချာစေခြင်း။

၂၈။ လေးစားလိုက်နာခြင်း။ သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ကတိစာချုပ်များ အောက်တွင် လှုပ်ရှားမှုများတွင်တိုက်ရိုက်အသုံးပြုနိုင်သော ယင်းတို့၏ အခိုင်အမာလက်ခံခြင်း၊ ဤမူဝါဒနှင့် **IPP** သို့မဟုတ် ဌာနေတိုင်းရင်းသားများဆိုင်ရာ စီမံချက်မူဘောင်**(IPPE)**၊ အသုံးချနိုင်သော နိုင်ငံဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတာဝန်ဝတ္တရားများတွင်သတ်မှတ်ထားသော ယင်းတို့၏ တာဝန်ဝတ္တရားများနှင့်အတူ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များကို လေးစားလိုက်နာရန် **GCF**မှ လိုအပ်မည်ဖြစ်သည်။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ ယင်းလိုအပ်ချက်များကို လေးစားလိုက်နာနိုင်မှုမရှိပါက **GCF**သည် လေးစားလိုက်နာမှုကို ပြန်သွားစေမည့်လှုပ်ရှားမှုများ ယူဆောင်လာမည့်

မှန်ကန်သောလုပ်ရှားမှုများ ဖော်ထုတ်အကောင်ထည်ဖော်ရန် အခိုင်အမာထောက်ခံထားသည့် ထင်ရှားသည့်အဖွဲ့များနှင့် လုပ်ဆောင်ရမည်ဖြစ်သည်။ အပြန်အလှန်သဘောတူညီထားသော အချိန်မူဘောင်နှင့် အပြုအမူအတွင်း တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ လေးစားလိုက်နာမှုကို ပြန်လည်တည်ထောင်ရန် ပျက်ကွက်ပါက **GCF**သည် အခိုင်အမာ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့်အတူ ယင်း၏ တရားဝင်သဘောတူညီချက်အောက်တွင် ကုစားခြင်းများကို ပြန်လည်လေ့ကျင့်ရမည်ဖြစ်သည်။

၂၉။ ဌာနေတိုင်းရင်းသားများ အကြံပေးအဖွဲ့။ **GCF**သည် ဌာနေတိုင်းရင်းသားအကြံပေးအဖွဲ့၏ လုပ်ငန်းအားထောက်ပံ့ကူညီပြီး အပိုဒ် ၈၁နှင့် ၈၂တွင် ပြဌာန်းထားသည့်အတိုင်း ဘုတ်အဖွဲ့၊ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ၊ နိုင်ငံများနှင့် အခြားသက်ဆိုင်ရာမည်သည့်အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်အား ၎င်း၏အကြံပြုတင်ပြချက်များမှ ထိရောက်စွာပံ့ဆောင်နိုင်ခြင်းရှိစေရန် သေချာစေရမည်။

၃၀။ မူဝါဒခြုံငုံသုံးသပ်ချက်။ **GCF**သည် အောက်ဖော်ပြပါ အခန်းစတွင် ပြဌာန်းထားသကဲ့သို့ အချိန်အပိုင်းအခြားအလိုက် ဤမူဝါဒအား ခြုံငုံသုံးသပ်ချက်များနှင့် အကောင်ထည်ဖော်ခြင်းအား ကူညီထောက်ပံ့ရန်တာဝန်ရှိသည်။

## ၆. ၂။ တရားဝင် အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအား ခြုံငုံသုံးသပ်ချက်။

၃၁။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် အောက်ပါတို့တွင်တာဝန်ရှိသည်။

(က) **GCF**၏ ငွေကြေးအထောက်အပံ့အတွက် အဆိုပြုထားသော လုပ်ရှားမှုကိစ္စရပ်များတွင်-

*(၁) လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းကို ကောင်းမွန်စွာရှာဖွေပြီး အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးချက်များကို ဤမူဝါဒ၏ လိုအပ်ချက်များနှင့် အကူအညီ လုပ်ဆောင်ခြင်းအား သေချာစေရေး။*

*(၂) စီမံကိန်းတလျောက် ဌာနေတိုင်းရင်းသားများနှင့် အဓိပ္ပါယ်ပြည့်ဝပြီး အားလုံးပါဝင်သော အလွှာပေါင်းစုံ အကြံပြုဆွေးနွေးခြင်းနှင့် တွေ့ဆုံခြင်း(အမျိုးသမီးများ၊ ကလေးငယ်များနှင့် မသန်စွမ်းသော ပြည်သူများအပါအဝင်) အခြားသော ထိရှလွယ်သောအုပ်စုများနှင့် လူများ၏ သီးခြားအခြေအနေကို ထည့်သွင်းစဉ်းစားသော၊ (စီမံကိန်းအမှုဆောင်ကဏ္ဍ ပါဝင်နိုင်သော) အကောင်ထည်ဖော်အဖွဲ့၊ ကြားအဖွဲ့အနေဖြင့် သို့မဟုတ် နှစ်ခုစလုံးအနေဖြင့် ၎င်း၏ကဏ္ဍနှင့် သင့်တော်သော တရားဝင်လက်ခံခြင်းကို အထူးပြုသောစီမံအုပ်ချုပ်မှုစနစ်အား ထိန်းသိမ်းခြင်း သို့မဟုတ် တိုးတက်စေခြင်းများအပါအဝင် လုပ်ရှားမှုများနှင့် သက်ဆိုင်သောအန္တရာယ်များနှင့် ဆိုးကျိုးများအား စီမံအုပ်ချုပ်ရန် စီမံအုပ်ချုပ်မှုစနစ်တစ်ခုကို အကောင်ထည်ဖော်ခြင်း။*

*(၃) **GCF**မှ ကုန်ကျခံရန်အတွက် အဆိုပြုထားသော လုပ်ရှားမှုများသည် ကောင်းမွန်စွာ စီစစ်သတ်မှတ်ထားသော သင့်တော်သည့် အန္တရာယ်အမျိုးအစားများသတ်မှတ်ပြီး ဆိုးကျိုးများကို ကောင်းမွန်စွာနှင့်ထိရောက်စွာ အကဲဖြတ်ထားခြင်းကို သေချာစေခြင်း။*

*(၄) **GCF** မှ ထောက်ပံ့ရန်အတွက် အဆိုပြုထားသော လုပ်ရှားမှုများ၏ စိုက်ထုတ်ရမည့် လုံ့လဝီရိယတွင် **GCF** နှင့်အတူ ပူးပေါင်းပါဝင်ခြင်း။*

*(၅) မလိုလားအပ်သောဆိုးကျိုးများအား ရှောင်ရှားရန်၊ အနည်းဆုံးဖြစ်စေရန်နှင့်။ သို့မဟုတ် လျှော့ချရန်၊ လက်ကျန်ဆိုးကျိုးများအတွက် လျော်ကြေးပေးရန်နှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဆောင်တာများကို GCFမှ ကုန်ကျခံရန် အဆိုပြုထားသော လုပ်ရှားမှုများတွင် အစီအစဉ်ရေးဆွဲရန်နှင့် ထိရောက်စွာအထောက်အပံ့ပေးနိုင်မှုကို သေချာစေခြင်း။*

*(၆) GCF၏ အချက်အလက်ဖြန့်ဝေခြင်းမူဝါဒနှင့်အညီ GCFမှ ကုန်ချခံသော လုပ်ရှားမှုများနှင့် စီမံကိန်းခွဲများအကြောင်း သတင်းအချက်အလက်ဖြန့်ဝေစေခြင်းနှင့် ထင်ရှားသည့်အဖွဲ့များ အဆင့်ဆင့်နှင့် လုပ်ရှားမှုဆိုင်ရာအဆင့်ဆင့် နစ်နာမှုလုပ်ငန်းစဉ်များအပါအဝင် သက်ဆိုင်မှုများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံခြင်းကို ဖွံ့ဖြိုးစေခြင်းနှင့် အကောင်အထည်ဖော်ခြင်း။ နှင့်*

*(၇) လုပ်ရှားမှုများကြောင့် ထိခိုက်ခံစားကြရသောတိုင်းရင်းသားများမှ တိုင်တန်းခြင်းများအား တုံ့ပြန်ရန် လွတ်လပ်သော ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်၏ အကြံပြုချက်ပေါ်တွင် ဘုတ်အဖွဲ့မှတောင်းဆိုထားသော ဖြေရှင်းရန်ဆောင်ရွက်ချက်များကို လေးစားလိုက်နာ၍ ချက်ခြင်းအကောင်ထည်ဖော်ခြင်းကို သေချာစေသည်။*

(ခ) **GCF**မှ ကုန်ချခံသော လုပ်ရှားမှုကိစ္စရပ်များတွင်-

*(၁) လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောတူညီချက်၊ IPPများနှင့် IPFFများအား အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လိုအပ်သလို စဉ်ဆက်မပြတ်တိုးတက်စေခြင်းအား သေချာစေခြင်း။*

*(၂) ဤမူဝါဒနှင့် မည်သည့် IPPနှင့် IPPFများအရ GCFမှ ကုန်ချခံသော လုပ်ရှားမှုများ အကောင်ထည်ဖော်နေစဉ်တလျှောက် GCFနှင့် ၎င်း၏ သက်ဆိုင်သူများအား GCFမှ ကုန်ကျခံသော လုပ်ရှားမှု၏ တိုးတက်မှုနှင့် ဆောင်ရွက်ချက်များအားတန်းစစ်မှုနှင့် အစီရင်ခံတင်ပြခြင်း။*

၃၂။ သက်ဆိုင်ရာ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောတူညီမှု၊ အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးခြင်း၊ သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ သက်ဆိုင်သူများတွေ့ဆုံခြင်းနှင့် နစ်နာမှုပြန်လည်ပြင်ဆင်ခြင်းများအပါအဝင် ဤမူဝါဒကို အကောင်အထည်ဖော်ရန် လုပ်ဆောင်ချက်များကို လေလံတင်ခြင်း အစီရင်ခံစာများနှင့် စာချုပ်များအပါအဝင် ကိုယ်စားလှယ်အထင်အရှားအဖွဲ့များနှင့် သဘောတူညီချက်များတွင် ပူးပေါင်းဆောင်ရွက်မှုရှိသည်ကို တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ အတည်ပြုမည်ဖြစ်သည်။

၃၃။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် လုပ်ရှားမှုများအား တည်ရှိနေသည့် နိုင်ငံဒေသ၏ ဥပဒေများလုပ်ထုံးလုပ်နည်းများအပါအဝင် အသုံးချနိုင်သောဥပဒေများအားလုံးနှင့် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီမှုနှင့် စာချုပ်များအောက်တွင် လုပ်ရှားမှုများအား တိုက်ရိုက်အသုံးချနိုင်သော နိုင်ငံဒေသ၏ တာဝန်ဝတ္တရားများနှင့် ကိုက်ညီမှုရှိစေရန် တာဝန်ရှိသည်။

၃၄။ ငွေရေးကြေးရေးကြားခံနယ်များအဖြစ် ဆောင်ရွက်နေသောထင်ရှားသည့်အဖွဲ့များသည် ထောက်ပံ့ထားသော လုပ်ရှားမှုများနှင့် သက်ဆိုင်သောအန္တရာယ်များအား စီမံအုပ်ချုပ်ရန်တာဝန်ရှိသည်။ ထင်ရှားသည့်အဖွဲ့များနှင့် **GCF**တို့သည် ယင်းအခက်ခဲများအား ကြီးကြပ်အုပ်ချုပ်ရန် စီမံအုပ်ချုပ်မှုစနစ်များ ဖွံ့ဖြိုးစေခြင်းနှင့် ဆောင်ရွက်ခြင်းများအပါအဝင် အနာဂါတ်အခက်အခဲများနှင့် လိုအပ်သောဆောင်ရွက်မှုများ ဆောင်ရွက်ရမည့်နေရာများတွင် ကြားခံအဖွဲ့အစည်းများသည် စီမံကိန်းခွဲအားလုံးနှင့် တာဝန်ပေးအပ်ထားသော လုပ်ရှားမှုများအားခွဲခြမ်းစိတ်ဖြာရန် ခြုံငုံသုံးသပ်ရမည်ဖြစ်သည်။ ကြားခံလုပ်ငန်းများတွင် ဆောင်ရွက်နေသော

တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် စီမံကိန်းခွဲများနှင့် လုပ်ရှားမှုအားလုံးတို့သည် ဤမူဝါဒလိုအပ်ချက်များနှင့် ပြည့်ဝစေရန်လိုအပ်သည်ကို သေချာစေမည်ဖြစ်သည်။ ငှားရမ်းသူများ၊ အာမခံသူများနှင့် ရင်းနှီးမြှုပ်နှံသူများတွင် **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ ဆိုးကျိုးများနှင့် ဤမူဝါဒအကောင်ထည်ဖော်ခြင်းအား စီမံအုပ်ချုပ်ရန် လုံလောက်သော စီမံအုပ်ချုပ်မှုစနစ်များ၊ လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည်များရှိရန်၊ စီမံကိန်းခွဲများနှင့် ခွဲဝေထားသော လုပ်ရှားမှုတစ်ခုချင်းစီကို သင့်တော်သော အခက်အခဲအမျိုးအစားအဖြစ် ကောင်းမွန်စွာစီစစ်အကဲဖြတ်၍ သတ်မှတ်ရန်၊ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်နှင့် လူထုသဘောထားရယူချက်များနှင့် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးချက်တို့ကို လိုအပ်သည့် လုံ့လဝီရိယနှင့် သတိမမူစေခြင်းတို့အား တွေ့ထိဆက်ဆံမိစေရန်နှင့် အကောင်အထည်ဖော်ခြင်းနှင့် ရလဒ်များအားဆန်းစစ်၍ အစီရင်ခံတင်ပြရမည်ကိုလည်း အာမခံမည်ဖြစ်သည်။

၃၅။ လုပ်ရှားမှုများမှ ထိခိုက်သော သို့မဟုတ် ထိခိုက်နိုင်သောအစုအဖွဲ့များကို လုပ်ရှားမှုနယ်ပယ်များပေါ်တွင် ၎င်းတို့၏အမြင်များအားဖော်ပြရန် အခွင့်အရေးများပေးအပ်၍ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များအား ထည့်သွင်းစဉ်းစား၍ ၎င်းတို့၏ စိုးရိမ်မှုများအားတုန့်ပြန်ရန် ခွင့်ပြုထားသောပုံစံဖြင့် ကောင်းမွန်စွာ အကြံပြုဆွေးနွေးမှုအား သေချာစေရန် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များတွင် တာဝန်ရှိမည်ဖြစ်သည်။ အဓိပ္ပါယ်ပြည့်ဝ၍ ထိရောက်သော အကြံပြုချက်များနှင့် ထိခိုက်ခံရသော အစုအဖွဲ့နှင့် ထိရှလွယ်သောလူများ၏ ပူးပေါင်းပါဝင်မှုအားသေချာစေရာတွင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် အကောင်းဆုံးအလေ့အကျင့်နှင့် စံနှုန်းများအတွက် ၎င်းတို့၏ လုပ်ငန်းစဉ်များအား ထိန်းကြောင်းပြီး **GCF**၏ သတင်းအချက်အလက်များ ဖြန့်ဝေစေခြင်းမူဝါဒနှင့် ဤမူဝါဒ၏ လိုအပ်ချက်များအတိုင်း လုပ်ရှားမှုအပေါ်တွင် သက်ဆိုင်ရာသတင်းအချက်အလက်များအား လူသိရှင်ကြားရရှိနိုင်စေရန် ဆောင်ရွက်မည်ဖြစ်သည်။

# အခန်း ၇။
# လိုအပ်ချက်များ

## ၇.၁။ အထွေထွေ

၃၆။ **GCF**မှကုန်ကျခံသောလုပ်ရှားမှုများ အကောင်ထည်ဖော်မည့် (သို့မဟုတ် **GCF**မှကုန်ကျခံရန် အဆိုပြုထားသောလုပ်ရှားမှုများ အကောင်ထည်ဖော်မည့်) နေရာများတွင် လက်ရှိ သို့မဟုတ် အတိတ်တွင် စုပေါင်းဆက်နွယ်မှုအပါအဝင် ဌာနေတိုင်းရင်းသားများအား စီမံကိန်းရေးဆွဲခြင်းနှင့် စီမံကိန်းအကောင်ထည်ဖော်ခြင်းအစီအမံများ၊ လုပ်ငန်းစဉ်နှင့် ပယ်ဖျက်ခြင်းတို့ကို ဆုံးဖြတ်ရာတွင် တက်ကြွစွာပါဝင်နိုင်စေရန် အပြည့်အဝအကြောင်းကြား၊ အကြံပြု၍ လုံလောက်ပြီး တရားဝင်အခွင့်အလမ်းများပေးနိုင်စေရန် သေချာစေခြင်းသည် ဤမူဝါဒ၏ အဓိကရည်ရွက်ချက်တစ်ခုဖြစ်သည်။ အကြံပြုဆွေးနွေးခြင်းများနှင့် အစဉ်မပြတ်စီမံကိန်း စီမံချက်ချခြင်းနှင့် အစီရင်ခံတင်ပြခြင်းလုပ်ငန်းစဉ်များသည် ဌာနေတိုင်းရင်းသားများကို သက်ရောက်စေနိုင်သဖြင့် အလားအလာရှိသော အန္တရာယ်များနှင့် ဆိုးကျိုးများကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ အကြံပြုဆွေးနွေးခြင်း၏ နယ်ပယ်နှင့် ပမာဏသာမက အစဉ်မပြတ်စီမံကိန်းစီမံချက်ချခြင်းနှင့် အစီရင်ခံတင်ပြခြင်းလုပ်ငန်းစဉ်များသည် ဌာနေတိုင်းရင်းသားများကို သက်ရောက်စေနိုင်သဖြင့် အလားအလာရှိသော အန္တရာယ်များနှင့် ဆိုးကျိုးများ၏ နယ်ပယ်နှင့် ပမာဏတို့သည် အချိုးအစားမှန်ကန်ရမည်ဖြစ်သည်။

၃၇။ ထိခိုက်ရန်အလားအလာရှိသော ဌာနေတိုင်းရင်းသားများနှင့် အိမ်ရှင်အစိုးရ(များ)နှင့် ပူးပေါင်း၍ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် စီမံကိန်းဧရိယာတွင် ပါဝင်နေသော (သို့မဟုတ် စုပေါင်းဆက်စပ်မှု) ဌာနေတိုင်းရင်းသားများပေါ်ရှိ မျှော်လင့်ထားသော တိုက်ရိုက်နှင့် သွယ်ဝိုက် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု (ယဉ်ကျေးမှု အမွေအနှစ်အပါအဝင်)နှင့် ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများအား ဆန်းစစ်ရမည်ဖြစ်သည်။ ထိခိုက်ရန်အလားအလာရှိသော ဌာနေတိုင်းရင်းသားများနှင့် အိမ်ရှင်အစိုးရ(များ)၏ ပူးပေါင်းပါဝင်မှုနှင့် တရားဝင်အသိအမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ဌာနေတိုင်းရင်းသားများ **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ရာတွင် ပါဝင်ရုံသာမက အကျိုးအမြတ်များတွင် ညီမျှစွာမျှဝေနိုင်သော နည်းလမ်းများကို ခွဲခြမ်းစိတ်ဖြာပြီး ဆွေးနွေးအကြံပြုခြင်း မဟာဗျူဟာကို ပြင်ဆင်ရမည်ဖြစ်သည်။

၃၈။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ၏ အဆိုပြုထားသောကိစ္စများနှင့် လုပ်ဆောင်ချက်များကို ယဉ်ကျေးမှုအရ ကိုက်ညီသော အချိန်ကန့်သတ်ထားသော စီမံချက်နှင့် ထိခိုက်ရန် အလားအလာရှိသော ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။ ဌာနေတိုင်းရင်းသားများပေါ်တွင် ထိရောက်နိုင်ချေရှိသော နေရာများတွင် ဌာနေတိုင်းရင်းသားများနှင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် **IPP**တစ်ခု သို့မဟုတ် တိကျသောလုပ်ရှားမှုများနှင့် နေရာဒေသများဆုံးဖြတ်ထားခြင်းမရှိသေးပါက **IPPF**တစ်ခုအား ပြင်ဆင်ရမည်ဖြစ်သည်။ **IPP** သို့မဟုတ် **IPPF**၏ နယ်ပယ်နှင့် ပမာဏသည် စီမံကိန်း၏ အလားအလာရှိသော အန္တရာယ်များနှင့် ဆိုးကျိုးများနှင့် မျှတစွာရှိရမည်ဖြစ်သည်။ **IPPF**တွင် လုပ်ငန်းစဉ်များနှင့် စီမံချက်များဖော်ပြချက်တစ်ခု ပါဝင်နိုင်သည်။ ထို့ကြောင့် တိကျသောလုပ်ရှားမှုများသည် ဤမူဝါဒလိုအပ်ချက်များကို ပြည့်စုံစေသော နေရာလိုက် **IPP**များကို ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် ထောက်ပံ့ခြင်းအပါအဝင် ဤမူဝါဒနှင့် **GCF**၏ ပတ်ဝန်းကျင်နှင့် လူမှုရေးရာမူဝါဒနှင့် **ESS**စံနှုန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည် ဖြစ်သည်။ **IPPF**နှင့် **IPP**တို့သည် **GCF**မှ ကုန်ကျခံရန် အဆိုပြုထားသော စီမံကိန်းနှင့် အစီအစဉ်များ၏ လူမှုရေးရာ ဆန်းစစ်ချက်များကို ပြီးစီးစေပြီး ထိခိုက်ခံရသော ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြေရှင်းခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် လမ်းညွှန်ချက်ပေးနိုင်သည်။ **IPP**နှင့် **IPPF**၏ပုံစံကို စီမံကိန်း သို့မဟုတ် အခြေအနေများနှင့် သင့်တော်သလို ညှိနှိုင်းပြင်ဆင်ပြီး ဌာနေတိုင်းရင်းသားများအတွက် မည်သည့်ရွေးချယ်စရာဝေါဟာရကိုမဆို ရောင်ပြန်ဟပ်စေမည်ဖြစ်သည်။

၃၉။ **IPP**တစ်ခုတွင် အောက်ဖော်ပြပါ အခြေခံသဘောတရားများ ပါဝင်သင့်သည်။

(က) (လွတ်လပ်ပြီး ပူးပေါင်းပါဝင်သောပတ်ဝန်းကျင်နှင့် လူမှုရေးရာအန္တရာယ်များနှင့် ဆိုးကျိုးများဆန်းစစ်ခြင်း လုပ်ငန်းစဉ်များမှ) အခြေခံထားသော သတင်းအချက်အလက်၊

(ခ) ဆိုးကျိုးများ၊ အန္တရာယ်များနှင့် အခွင့်အလမ်းများ၏ အဓိကတွေ့ရှိချက်များနှင့် ဆန်းစစ်ချက်များ၊

(ဂ) ဆိုးကျိုးများအား ရှောင်ရှားရန်၊ အနည်းဆုံးဖြစ်စေရန်၊ လျှော့ချရန်နှင့် ကောင်းကျိုးနှင့် အခွင့်အလမ်းများအား မြှင့်တင်ရန်ကိစ္စရပ်များ၊

(ဃ) အစုအဖွဲ့အခြေပြု သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု၊

(င) ပူးပေါင်းပါဝင်သောသူများနှင့် အဖွဲ့အစည်းများ၊ အချိန်ဇယားတစ်ခု၊ လုပ်ရှားမှုတစ်ခုချင်းစီအတွက် တာဝန်ရှိသူများ၊ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်နှင့် လူထုသဘောတူညီချက်နှင့် အနာဂတ်

တွေ့ဆုံမှု စီမံချက်များအပါအဝင် (ပတ်ဝန်းကျင်နှင့် လူမှုရေးရာ အန္တရာယ်များနှင့် ဆိုးကျိုးများ ဆန်းစစ်မှု လုပ်ငန်းစဉ်များအတွင်း) အကြံပြုဆွေးနွေးခြင်း၏ ရလဒ်များ၊

(စ) ကျား၊မ ဆိုင်ရာ ဆန်းစစ်ခြင်းနှင့် လုပ်ဆောင်မှုဆိုင်ရာ စီမံချက်များ၊

(ဆ) အကျိုးမြတ်ခွဲဝေခြင်းဆိုင်ရာ စီမံချက်များ၊

(ဇ) လုပ်ပိုင်ခွင့်အစီအစဉ်များ၊

(ဈ) နစ်နာမှုပြန်လည်ပြင်ဆင်မှု လုပ်ငန်းစဉ်များ၊

(ည) ကုန်ကျမှုများ၊ ဘတ်ဂျက်များ၊ အချိန်ဇယားများ၊ အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့်

(ဋ) စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

၄၀။ အကယ်၍ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ကြားခံလုပ်ငန်းများတွင် ဆောင်ရွက်နေပါက ကိုယ်စားလှယ်ထင်ရှားသည့်အရာနှင့် အခြားကြားခံများသည် ဤမူဝါဒ၏ လိုအပ်ချက်များကို အသုံးပြု၍ ပြည့်စုံစေရန် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် လိုအပ်ရန်သေချာစေရမည်။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ကိုယ်စားလှယ်ထင်ရှားသည့်အရာတို့သည် ယင်းလိုအပ်ချက်များပြည့်စုံကြောင်းသေချာစေရန် အားထုတ်သင့်သည့် လုံ့လ၊ ဝီရိယနှင့် အမြင်ကျယ်ခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သည်။

၄၁။ အစုအဖွဲ့များရောနေသော (သို့မဟုတ်) ဌာနေတိုင်းရင်းသားများ အခြားသော မတူညီသည့် လူမှုရေးနှင့် လူမျိုးစုအဖွဲ့များနှင့် နီးကပ်ဆက်စပ်စွာနေထိုင်သောနေရာများတွင် ဤအမူဝါဒကို ဌာနေတိုင်းရင်းသားများနှင့် အတူတကွနေထိုင်သော (သို့မဟုတ်) နီးကပ်စွာဆက်စပ်နေသော အခြားအုပ်စု(များ)၏ နှစ်ခုစလုံး၏ အကျိုးအမြတ်အတွက် အသုံးချသင့်သည်။

## ၇. ၁. ၁။ ဌာနေတိုင်းရင်းသားများ အကျိုးရှိစေရန် သီးသန့်ရေးဆွဲထားသော လုပ်ရှားမှုများ

၄၂။ **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများကို ဌာနေတိုင်းရင်းသားများသာ အကျိုးအမြတ်ရရှိစေရန် ရေးဆွဲထားသောနေရာများတွင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ကိုယ်စားလှယ်ထင်ရှားသည့်အဖွဲ့များသည် **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ ရေးဆွဲခြင်း အကောင်အထည်ဖော်ခြင်း၊ အကျိုးအမြတ်အညီအမျှခွဲဝေခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် သက်ဆိုင်ရာဌာနေတိုင်းရင်းသားများ ပါဝင်ခြင်း၊ ၎င်းတို့၏ပိုင်ဆိုင်မှုနှင့် အရောင်းအဝယ်များဖန်းတီးတွေ့ဆုံနိုင်ရန် လုပ်ဆောင်ရမည်ဖြစ်သည်။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် အဆိုပြုထားသော ဝန်ဆောင်မှုများနှင့် အထောက်အပံ့များ၏ ယဉ်ကျေးမှုအရ သင့်တော်ရန် ဌာနေတိုင်းရင်းသားများနှင့် အကြံပြုဆွေးနွေးပြီး စီမံကိန်းမှ အကျိုးမြတ်ရရှိရန် (သို့မဟုတ်) (ကျား/မ၊ သက်ကြီးရွယ်အို၊ လူငယ်လူရွယ်ယ်နှင့် မသန်စွမ်းသူများနှင့် သက်ဆိုင်သူများအပါအဝင်) ပူးပေါင်းပါဝင်ရန် အခွင့်အရေးများအား အကန့်အသတ်ဖြစ်စေသော မည်သို့သော စီးပွားရေး၊ လူမှုရေး သို့မဟုတ် စွမ်းဆောင်ရည် အခက်အခဲများအား ဖော်ထုတ်၍ ဖြေရှင်းရမည်ဖြစ်သည်။

## ၇. ၁. ၂။ ဌာနေတိုင်းရင်းသားများချည်း အကျိုးအမြတ်ရသင့်သူများ မဟုတ်သည့်နေရာရှိ လုပ်ရှားမှုများ

၄၃။ ဌာနေတိုင်းရင်းသားများသည် **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ အကျိုးအမြတ်များအား ၎င်းတို့ချည်း (သို့မဟုတ်) အများစုအား ပိုင်ဆိုင်ခွင့်ရှိသောအခါ **IPP**၏ အခြေခံသဘောတရားများတွင် **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးရာစိုက်ထုတ်ရမည့် လုံ့လ၊ ဝီရိယနှင့် သက်ဆိုင်သော ခြုံငုံသည့်ပုံစံနှင့် ပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှုစီမံချက်များ ပါဝင်ရမည်ဖြစ်သည်။ အမှီအခိုကင်းသော **IPP** သို့မဟုတ် **IPPF**တစ်ခုအား မဖြစ်မနေပြင်ဆင်ရန် မလိုအပ်ပါ။

၄၄။ ဌာနေတိုင်းရင်းသားများသည် **GCF**မှ ငွေကြေးထောက်ပံ့ရန် အဆိုပြုထားသော လုပ်ရှားမှုများ၏ အကျိုးအမြတ်များအား ၎င်းတို့ချည်းမရရှိသင့်သောအခါ စီမံချက်ရေးဆွဲခြင်းအဆင့်များနှင့် လုပ်ငန်းစဉ်များသည် ပုံစံနှင့် တင်ပြမှုကွဲပြားနိုင်ပြီး ပုံစံနှင့်တင်ပြမှုကိုဂရုမစိုက်ပဲ ဤမူဝါဒ၏လိုအပ်ချက်များကို ပြည့်ဝစေမည်ဖြစ်သည်။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် စီမံကိန်းအကျိုးအမြတ်များအား အညီမျှပုံစံဖြင့် ထိခိုက်သောဌာနေတိုင်းရင်းသားများအား ပေးအပ်သည့်ပုံစံဖြင့် **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများအား ရေးဆွဲပြီး အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ဌာနေတိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများ (သို့မဟုတ်) ကြိုက်နှစ်သက်ရာများကို ၎င်းတို့၏ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းအား ရှာဖွေတွေ့ရှိရန် လုပ်ငန်းစဉ်တစ်ခုအပါအဝင် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးခြင်းဖြင့် ဖြေရှင်းမည်ဖြစ်ပြီး အကြံပြုဆွေးနွေးခြင်းရလဒ်များအား အနှစ်ချုပ်၍ဌာနေတိုင်းရင်းသားများ **GCF**မှ ကုန်ကျခံသော လုပ်ရှားမှုများရေးဆွဲရာတွင် မည်ကဲ့သို့ဖြေရှင်းသည်ကို အစီရင်ခံဖော်ပြရမည်ဖြစ်သည်။ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးနေစဉ်ကာလအတွင်း ဆက်လက်လုပ်ဆောင်နေသော အကြံပြုဆွေးနွေးခြင်း အစီအစဉ်များကိုလည်း ဖော်ပြရမည်ဖြစ်သည်။

၄၅။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် အဆိုပြုထားသောကိစ္စရပ်များ သို့မဟုတ် လုပ်ဆောင်ချက်များချမှတ်ထားသည့် **IPP**တစ်ခုကဲ့သို့ အချိန်ကန့်သတ်ထားသော စီမံချက်တစ်ခုကို ပြင်ဆင်ရမည်ဖြစ်သည်။ အချို့သောအခြေနေများတွင် ထိခိုက်သော ဌာနေတိုင်းရင်းသားများသက်ဆိုင်သည့် မဖြစ်မနေလိုအပ်သောသတင်းအချက်အလက်များအတွက် ပူးပေါင်းဆောင်ရွက်ချက်နှင့် **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ အကျိုးအမြတ်များဖြေရှင်းနိုင်သည့် ပိုမိုကျယ်ပြန့်စွာ ပေါင်းစပ်ထားသောအစုအဖွဲ့ဖွံ့ဖြိုးမှုစီမံချက်တစ်ခုကို ပြင်ဆင်ရမည်ဖြစ်သည်။ ဌာနေတိုင်းရင်းသားများအပြင် အခြားသူများသည် **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ အုပ်စုတစ်ခုထက်ပို၍ရှိနေသောနေရာများ သို့မဟုတ် ဒေသအတွင်းသို့မဟုတ် အမျိုးသားအဆင့် အစီအစဉ်စီမံကိန်းနယ်ပယ်တွင် အခြားလူဦးရေအုပ်စုများ ပါဝင်နေသောနေရာများကဲ့သို့ အခြေအနေများတွင် အစုအဖွဲ့ဖွံ့ဖြိုးမှု စီမံချက်တွင်သင့်တော်နိုင်သည်။

## ၇. ၁. ၃။ မလိုလားအပ်သောဆိုးကျိုးများရှောင်ကျဉ်ခြင်း

၄၆။ ဌာနေတိုင်းရင်းသားများအတွက် မလိုလားအပ်သောဆိုးကျိုးများကို အတတ်နိုင်ဆုံး အမြင့်ဆုံးအတိုင်းအတာအထိ ရှောင်ကြဉ်ရမည်ဖြစ်သည်။ မလိုလားအပ်သော ဆိုးကျိုးများရှောင်ကြဉ်ရန် လွယ်ကူသော ရွေးချယ်စရာစီမံကိန်းပုံစံများအောက်တွင် စဉ်းစားနိုင်ရန် ရွေးချယ်စရာများအား စနစ်တကျဖော်ထုပ်၍ မလိုလားအပ်သောဆိုးကျိုးများအား ရှောင်ကြဉ်ရန် မဖြစ်နိုင်သောနေရာများတွင် ဆိုးကျိုးများ၏ သဘာဝနှင့် ပမာဏ၊ ထိခိုက်သော ဌာနေတိုင်းရင်းသားများ၏အဆင့်နှင့် ထိရှလွယ်ခြင်းပုံစံတို့နှင့် မျှတသည့် ယဉ်ကျေးမှုအရသင့်တော်သောပုံစံဖြင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ အနည်းဆုံးဖြစ်စေခြင်းနှင့် လျော်ကြေးပေးခြင်းများအတွက် ဆောင်ရွက်ရမည်ဖြစ်သည်။ ဆိုးကျိုးများအား အနည်းဆုံးဖြစ်စေရန်နှင့် သင့်တော်

သောလျော်ကြေးပေးခြင်းများအတွက် သင့်တော်သော လျှော့ချခြင်းလုပ်ငန်းစဉ်များကို ဌာနေအမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် ထိခိုက်ခံရသော ဌာနေတိုင်းရင်းသား များ၏ အပြည့်အဝနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။

၄၇။ ကိုယ်ထူကိုယ်ထ သီးခြားအဖွဲ့များ၊ သီးခြားနေလူများ သို့မဟုတ် အစောဆုံးတွေ့ရှိသူများဟုခေါ်သော ပြင်ပ နှင့် ထိတွေ့မှုနည်းပါးသောအုပ်စုများအား **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများတွင် ထိခိုက်နိုင်သည့် အလား အလာရှိသောအခြေအနေ မြင့်တက်လာသောအခြေအနေများ၌ တရားဝင်အသိမှတ်ပြုထားသော ထင်ရှား သည့်အဖွဲ့များသည် ယင်းတို့၏ မြေယာများနှင့် နေရာများ၊ ပတ်ဝန်းကျင်ကျန်းမာရေးနှင့် ယဉ်ကျေးမှုတို့ သိ ရှိလေးစားကာကွယ်ရန် သင့်တော်သောဆောင်ရွက်ချက်များကိုသာမက **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ ၏အကျိုးဆက်အနေဖြင့် ယင်းတို့နှင့် မလိုလားအပ်သော ထိပ်တိုက်တွေ့ဆုံမှုကိုရှောင်ကြဉ်ရန် ဆောင်ရွက်မှု သောလုပ်ရှားမှုများ၏ပုံစံကို ရှေ့ဆက်ဆောင်ရွက်မည်မဟုတ်ပါ။

## ၇. ၁. ၄။ လျှော့ချခြင်းနှင့် ဖွံ့ဖြိုးမှုအကျိုးကျေးဇူးများ

၄၈။ ဌာနေတိုင်းရင်းသားများ၏ အပြည့်အဝနှင့် ထိရောက်စွာပူးပေါင်းပါဝင်မှုဖြင့် တရားဝင်အသိမှတ်ပြုထား သော ထင်ရှားသည့်အဖွဲ့များသည် ရှောင်ရှားမှုအနည်းဆုံးဖြစ်စေခြင်း ပြန်လည်ထူထောင်ခြင်းနှင့် လျော် ကြေးပေးခြင်းသာမက ယဉ်ကျေးမှုအရသင့်တော်ပြီး ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးရေးအကျိုးအမြတ်များဖြင့် မလိုလားအပ်သော ဆိုးကျိုးများအားကန့်သက်၍ ဦးစားပေးအဆင့်များအား ချမှတ်သည့် **GCF**၏**ESS** စံနှုန်း နှင့် **GCF**နှင့် သက်ဆိုင်ရာအခြားမူဝါဒများတွင် ဖော်ပြထားသည့်အတိုင်း လျှော့ချခြင်းလုပ်ငန်းစဉ်ဖြင့် လမ်း ကြောင်းတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးရာအန္တရာယ်များနှင့် ဆိုးကျိုးများအားလျှော့ချရန် ဆောင်ရွက်ချက် များအား ဖော်ထုတ်ရမည်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် လူမှုရေးရာအကဲဖြတ်ခြင်းနှင့် လျှော့ချခြင်း နယ်ပယ် တွင် ယဉ်ကျေးမှုဆိုင်ရာဆိုးကျိုးများသာမက ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများလည်း ပါဝင်မည်ဖြစ်သည်။ တရားဝင် အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ဌာနေတိုင်းရင်းသားများအား သဘောတူထားသော လုပ်ငန်းဆောင်တာများကို အချိန်ကိုက်ဆောင်ရွက်နိုင်စေရန် သေချာစွာဆောင်ရွက်ရမည်ဖြစ်သည်။

၄၉။ ၎င်းဌာနေတိုင်းရင်းသားများအား လျော်ကြေးပေးခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းကို ဆုံးဖြတ်ခြင်း၊ လုပ်ဆောင် ခြင်းနှင့် ဖြန့်ဝေခြင်းတို့တွင် ယင်းဌာနေတိုင်းရင်းသားများ စွမ်းဆောင်ရည်များနှင့် ကျား/မတူညီမှုတို့၏ အဖွဲ့အစည်းများ စည်းမျဉ်းများနှင့် ဓလေ့တို့အား ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လျော်ကြေးပေးရန် သင့် တော်သည်ဟုဆိုရာတွင် တစ်ဦးချင်းဖြစ်စေ စုပေါင်းအခြေခံ၍ဖြစ်စေ နှစ်မျိုးစလုံးဖြစ်နိုင်ပြီး ထိခိုက်ခံရသော ဌာနေတိုင်းရင်းသားများနှင့် ဆွေးနွေး၍ ဆုံးဖြတ်ရန်ဖြစ်သည်။ လျော်ကြေးပေးရာတွင် လက်တွေ့မဆန်သော စုပေါင်းအခြေခံသည့် နေရာမဖြစ်ပါက အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန် စွမ်းသူများအပါအဝင် အဖွဲ့ဝင်အားလုံးအား အကျိုးရှိစေသောပုံစံဖြင့် လျော်ကြေးအား စုပေါင်းအသုံးပြုခြင်း သို့မဟုတ် သင့်တော်သောသူအားလုံးအား လျော်ကြေးအား ထိရောက်စွာဖြန့်ဝေခြင်းကို မြှင့်တင်နိုင်သည့် ယန္တရားများအား သတ်မှတ်ပြီး ထိခိုက်ခံရသောဌာနေတိုင်းရင်းသားများနှင့် ဆွေးနွေးပြီး အကောင်အထည် ဖော်ရမည်ဖြစ်သည်။

၅၀။ **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ သဘာဝနှင့် လုပ်ကိုင်မှုများနှင့် ထိခိုက်ခံရသော ဌာနေတိုင်းရင်းသား များ၏ ထိရှလွယ်မှုအပါအဝင် အကြောင်းအမျိုးမျိုးတို့သည် ထိခိုက်ခံရသော ဌာနေတိုင်းရင်းသားများလုပ် ရှားမှုများမှ မည်ကဲ့သို့အကျိုးအမြတ်ရမည်ကို အဆုံးအဖြတ်ပေးမည် ဖြစ်သည်။ ဖော်ထုတ်ထားသော အခွင့် အလမ်းများသည် ယဉ်ကျေးမှုအရသင့်တော်သောပုံစံဖြင့် ၎င်းတို့၏နေထိုင်ရေးဘဝပုံစံစံနှုန်းများကို မြှင့်တင် ခြင်း၊ စီမံကိန်းတွင် အမျိုးသမီးများ၏ကဏ္ဍအား သိရှိပြီး အားကောင်းစေခြင်းနှင့် ယင်းတို့ကို မှီခိုနေသော

သဘာဝသယံဇာတများ ရေရှည်ကြာရှည်စွာ အသုံးချခြင်းကိုတွန်းအားပေးခြင်းအပါအဝင် ထိခိုက်ခံရသော ဌာနေတိုင်းရင်းသားများ၏ ရည်ရွယ်ချက်များနှင့် ကြိုက်နှစ်သက်ရာများကိုဖြေရှင်းရန် ရည်ရွယ်သည်။

## ၇. ၁. ၅။ ဌာနေတိုင်းရင်းသားများ အံဝင်ခွင်ကျ စီမံထားသောအဓိပ္ပါယ်ပြည့်ဝသော အကြံပြု ဆွေးနွေးခြင်း

၅၁။ **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများ၏ ထိရောက်သောပုံစံကိုမြှင့်တင်ရန်၊ ဒေသစီမံကိန်းထောက်ပံ့မှု သို့မဟုတ် ပိုင်ဆိုင်မှု သို့မဟုတ် ဝယ်ယူခြင်းတည်ထောင်ရန်နှင့် ကြန့်ကြာခြင်းသို့မဟုတ် အငြင်းအခုံများ၏ အန္တရာယ်အား လျှော့ချရန် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ဌာနေတိုင်းရင်း သားများနှင့် တွေ့ဆုံမှုဖြစ်စဉ်ကိုလုပ်ဆောင်ရမည်ဖြစ်သည်။ ဤတွေ့ဆုံမှုဖြစ်စဉ်ကို ယင်းတို့၏ အခွင့်အရေး သို့မဟုတ် အကျိုးအမြတ်များကို ထိခိုက်စေနိုင်သော မည်သည့်လုပ်ရှားမှုများကမဆို လေ့လာပြီးမစတင်မီ ချက်ချင်းစတင်ပြီး စီမံကိန်းတစ်လျှောက်လုံး လုပ်ဆောင်ရမည်ဖြစ်သည်။ တွေ့ဆုံမှုဖြစ်စဉ်တွင် သက်ဆိုင်သူ များဆန်းစစ်ခြင်းနှင့် တွေ့ဆုံမှုစီမံခြင်း၊ သတင်းအချက်အလက်နှင့် ထိခိုက်ခံရသော ဌာနေတိုင်းရင်းသား များ၏ ဓလေ့စံသက်မှတ်ချက်နှင့် တန်ဖိုးများနှင့်အညီ ဒေသိယဘာသာစကားနှင့် ယဉ်ကျေးမှုအရသင့်တော် ပြီး ကျား/မနှင့် မျိုးရိုးစဉ်ဆက်ပါဝင်သောပုံစံဖြင့် ၎င်းတို့၏ ရွေးချယ်ခံကိုယ်စားလှယ်များမှတစ်ဆင့် အဓိပ္ပာယ် ပြည့်ဝသော အကြံပြုဆွေးနွေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။

၅၂။ ဌာနေတိုင်းရင်းသားများအတွက် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးခြင်းဆိုသည်မှာ

(က) (ဥပမာအားဖြင့် သက်ကြီးရွယ်အိုများကောင်စီ၊ ကျေးရွာကောင်စီ သို့မဟုတ် မျိုးနွယ်စုအကြီးအကဲ များကဲ့သို့) ဌာနေတိုင်းရင်းသားများ၏ ကိုယ်စားလှယ်အမာခံအဖွဲ့အစည်းများနှင့် သင့်တော်သော နေရာတွင် ဌာနေအမျိုးသမီးများနှင့် လူငယ်လူရွယ်များအပါအဝင် အခြားသောအစုအဖွဲ့များ ပါဝင် သည်။ ဒေသအဆင့် သို့မဟုတ် အမျိုးသားအဆင့်ရှိသော **GCF**မှ ကုန်ချခံသည့် လှုပ်ရှားမှုများအတွက် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးချက်များအား ဌာနေတိုင်ရင်းသားအဖွဲ့အစည်းများနှင့် လုပ် ဆောင်နိုင်သလော၊ သက်ဆိုင်ရာအမျိုးသား သို့မဟုတ် ဒေသအဆင့်များတွင် ကိုယ်စားလှယ်များ ခန့် အပ်ထားနိုင်သလောဆိုသည်ကို သေချာစွာအကဲဖြတ်ရမည်ဖြစ်သည်။ အဓိပ္ပါယ်ပြည့်ဝသော အကြံ ပြုဆွေးနွေးခြင်းများကို တိုင်းဒေသကြီးနှင့် အမျိုးသားအဆင့်များသာမက ဒေသန္တရအဆင့်တွင် ပါဝင် ဆောင်ရွက်ရန်လိုအပ်သည်။ ယင်းအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်များကို **GCF**၊ **ESS** စံနှုန်း များနှင့် **GCF**၏ အခြားသက်ဆိုင်ရာမူဝါဒများတွင် ဖော်ပြထားသော သက်ဆိုင်သူတွေ့ဆုံမှုဆိုင်ရာ ဖြစ်စဉ်တွင် ခွဲခြမ်းစိတ်ဖြာမည်ဖြစ်သည်။

(ခ) စီမံကိန်းပုံစံနှင့် ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် စောနိုင်သမျှစော၍စတင်ပြီး ဌာနေတိုင်းရင်းသားများ၏ ဆုံးဖြတ် ချက်ချခြင်းဖြစ်စဉ်အတွက် လိုအပ်သောအချိန်ကို ပေးရမည်ဖြစ်သည်။ အချင်းချင်းဆုံးဖြတ်ချက်ချ ခြင်းကို ယေဘုယျလုပ်ဆောင်ကြသော်လည်း သဘာဝအားဖြင့် ပူပေါင်းလုပ်ဆောင်လေ့မရှိကြပေ။ အချင်းချင်းသဘောထားကွဲလွဲမှုဖြစ်နိုင်ပြီး ဆုံးဖြတ်ချက်များအား အစုဖွဲ့ရှိ အချို့သောသူများမှ စိန် ခေါ်မှုများရှိလာနိုင်သည်။ ထို့ကြောင့် ဆွေးနွေးအကြံပြုခြင်းဖြစ်စဉ်သည် အဆုံးကိုရောက်ရှိစေရန် အချင်းချင်းညှိနှိုင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်များအတွက် လိုအပ်သောအချိန်ကို ခွင့်ပြုပေးရ မည် ဖြစ်သည်။ အကြံပြုဆွေးနွေးရာတွင် ပြင်ပမှကိုင်တွယ်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ အကျပ်ကိုင် မှုနှင့် ခြိမ်းခြောက်မှုမှ ကင်းလွတ်စေရမည်ဖြစ်သည်။

(ဂ) ယင်းတို့ကို အကောင်းဘက်မှသော်လည်းကောင်း အဆိုးဘက်မှသော်လည်းကောင်း ထိခိုက်ရန်အလားအလာရှိသော **GCF**မှ ကုန်ကျခံသောလုပ်ရှားမှုများကိုရေးဆွဲရာတွင် ဌာနေတိုင်းရင်းသားများ၏ ထိရောက်စွာ တရားဝင်ပူးပေါင်းဆောင်ရွက်မှုကို ခွင့်ပြုရမည်ဖြစ်သည်။

(ဃ) ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်မှ အစုအဖွဲ့၏ အစိတ်အပိုင်းများကို ဖယ်ထုတ်ထားသော ရိုးရာယဉ်ကျေးမှု၊ ချဉ်းကပ်မှုများ ထည့်သွင်းစဉ်းစားခြင်းအပါအဝင် အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်လူရွယ်များနှင့် မသန်စွမ်း၊ သက်ကြီးရွယ်အိုများနှင့် ဌာနေတိုင်းရင်းသားများကဲ့သို့ လွန်စွာထိခိုက်ခံစားရစေနိုင်သော အစုအဖွဲ့၏ အကျိုးအမြတ်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို့အပြင် အကြံပြုဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတွင် ယင်းတို့ကို တိုက်ရိုက်ပါဝင်ပတ်သတ်နိုင်စေရန် နေရာလွတ်များကို ဖန်တီးပေးသင့်သည်။

(င) ထိတွေ့စဉ်းစားရန် ဌာနေတိုင်းရင်းသားများ၏ စွမ်းဆောင်ရည်ကိုဆန်းစစ်ပြီး ဌာနေတိုင်းရင်းသားများအား ဖြစ်စဉ်ထိရောက်မှုကို တိုးမြှင့်ရန် ထိရောက်သောဆက်သွယ်ရေးနှင့် စွမ်းဆောင်ရန်တည်ဆောက်ခြင်း အစီအစဉ်များကို အကောင်ထည်ဖော်ရမည်ဖြစ်သည်။ ဖြစ်စဉ်တွင် လုံလောက်သောပြင်ဆင်မှုနှင့် ပူးပေါင်းပါဝင်မှုကိုသေချာစေရန် အရင်းအမြစ်ဖြစ်နိုင်ခြေနှင့် ရရှိနိုင်မှုပါဝင်သင့်သည်။

၅၃။ တရားဝင် အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ဌာနေတိုင်းရင်းသားများသည် သင့်တော်သောတွေ့ဆုံမှုနှင့် အကြံပြုဆွေးနွေးခြင်းကို စောနိုင်သမျှ စောစီးစွာနှင့် ထိခိုက်မှုနှင့် အစုအဖွဲ့၏ ထိရှလွယ်မှုပမာဏကိုမျှတစေရန် သဘောတူညီမှုရစေမည်ဖြစ်သည်။ ဤသည်ကို ဌာနေတိုင်းရင်းသားများ၏ ကိုယ်စားလှယ်များ၊ သဘောတူထားသော ကြံပြုဆွေးနွေးခြင်းဖြစ်စဉ်နှင့် ကျင့်ဝတ်များတွေ့ဆုံမှုဖြစ်စဉ်တွင် အဖွဲ့များ၏ အပြန်အလှန်တာဝန်ဝတ္တရားများနှင့် ချောင်ပိတ်ခံနေရသောဖြစ်ရပ်တွင် သဘောတူထားသော အကူအညီလမ်းကြောင်းကို ခွဲခြမ်းစိတ်ဖြာသော မူဘောင်စာချုပ်စာတမ်း သို့မဟုတ် စီမံချက်များဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ထင်ရှားသည့်အရာသည် ဌာနေတိုင်းရင်းသားများမှ သဘောတူညီထားသော ဖြစ်စဉ်အတွက် အထောက်အပံ့ကို မှတ်တမ်းတင်ရမည်ဖြစ်သည်။

## ၇. ၂။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူရန်လိုအပ်သည့် အခြေအနေများ

၅၄။ ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်ကို ဤအခန်းတွင် စိတ်ဖြာထားသောအခြေအနေများတွင် လိုအပ်မည်ဖြစ်သည်။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်အတွက် တစ်ကမ္ဘာလုံးမှ လက်ခံထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါ။ ဤမူဝါဒ၏ ရည်ရွယ်ချက်များအတွက် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူမှုသည် ဤမူဝါဒတွင် ဖော်ပြထားသောအဓိပ္ပါယ်အတိုင်း ရှိမည်ဖြစ်သည်။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်သည် အကျပ်ကိုင်မှု သို့မဟုတ် ခြိမ်းခြောက်မှုကင်းစင်သော၊ အမျိုးသမီးများနှင့် လူငယ်လူရွယ်များအပါအဝင် ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သော အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်နှင့် ယင်းတို့နားလည်နိုင်သော ဒေသန္တရဘာသာစကားဖြင့်၊ ယဉ်ကျေးမှုအရ သင့်တော်သောပုံစံ၊ အချိန်ကိုက်ပုံစံပေးနိုင်ရန် လုံလောက်သောသတင်းအချက်အလက်ကို အခြေခံသော ယင်းတို့၏ ကိုယ်ပိုင်လွတ်လွပ်စွာချိန်ဆခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်အား အခြေခံ၍ **GCF**မှ ထောက်ပံ့ကုန်ကျခံရန် အဆိုပြုအလွှာကို ဘုတ်အဖွဲ့မှမစဉ်းစားမီ ဌာနေတိုင်းရင်းသားများ၏ သဘောတူညီချက်လိုအပ်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်တွင် ကန့်ကွက်သူမရှိဖြစ်စေရန် မလိုအပ်ပဲ ထိခိုက်ခံရသောဌာနေတိုင်းရင်းသားများမှ တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက် အတိအလင်း သဘောမတူညီလျှင်တောင်မှပင် ရရှိနိုင်သည်။

၅၅။ တရားဝင် အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် -

(က) **GCF**မှကုန်ကျခံရန် အဆိုပြုထားသော လှုပ်ရှားမှုများသည် အထူးသဖြင့် စီမံကိန်းနှင့် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ဌာနေတိုင်းရင်းသားအစုအဖွဲ့များအား သက်ရောက်နေသောအန္တရာယ်များနှင့် ဆိုးကျိုးများပတ်သတ်နေသည့် မျှော်လင့်ထားသည့်ရလဒ်များအတွင်း ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သည့် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်နှင့်ပတ်သတ်၍ သက်ဆိုင်ရာနိုင်ငံတကာစာချုပ်နှင့် သဘောတူညီချက်များအောက်တွင် လှုပ်ရှားမှုများအတွက် တိုက်ရိုက်အသုံးချနိုင်သည့် နိုင်ငံ၏ အသုံးပြုနိုင်သောဥပဒေနှင့် လုပ်ထုံးလုပ်ငန်းများနှင့် မည်ကဲ့သို့ကိုက်ညီမည်ကို ဖော်ပြရမည်ဖြစ်သည်။

(ခ) **GCF**မှကုန်ကျခံသော လှုပ်ရှားမှုများရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ရာတွင် အမျိုးသမီးများ၊ မိန်းမငယ်များနှင့် လူငယ်လူရွယ်များအပါအဝင် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုကိုဖော်ပြပြီး ဌာနေတိုင်းရင်းသားများ၏ အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်မှ အသေးစိတ်ရလဒ်များကို ပေးအပ်ရမည်ဖြစ်သည်။

(ဂ) အကောင်ထည်ဖော်မည့်အဖွဲ့များနှင့် ထိခိုက်ခံရသော အစုအဖွဲ့များအကြား **GCF**မှ ကုန်ကျခံသောလှုပ်ရှားမှုများအတွင်း အပြန်အလှန်လက်ခံထားသော ဖြစ်စဉ်အား မှန်တမ်းပြုထားသည့် အထောက်အထားများနှင့် အကြံပြုဆွေးနွေးရာမှ ရရှိသောရလဒ်ဖြစ်သည့် အဖွဲ့အစည်းများကြား သဘောတူညီမှုအထောက်အထားကို ပေးအပ်ရမည်ဖြစ်သည်။

၅၆။ ဤမူဝါဒ၏ လုပ်ငန်းပိုင်းလမ်းညွှန်ချက်များ အစိတ်အပိုင်းအနေဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဆွေးနွေး၍ အုပ်ချုပ်ရေးအဖွဲ့သည် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်ကို အသုံးချခြင်းအတွက် လမ်းညွှန်ချက်များကိုထုတ်ဖော်၍ ထိန်းသိမ်းရမည်ဖြစ်သည်။ ဤလမ်းညွှန်ချက်ကို အချိန်ကိုက်ပုံစံဖြင့်ဖော်ထုတ်ပြီး အုပ်ချုပ်ရေးအဖွဲ့သည် သက်ဆိုင်ရာအဖွဲ့အစည်းများ လိုက်နာစေရန် သေချာစေရမည်ဖြစ်သည်။

၅၇။ **GCF**တွင် ဌာနေတိုင်ရင်းသာများ၏ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်အတွက် မည်သည့်အကိုးအကား (ဥပမာ-ဘုတ်အဖွဲ့ဆုံးဖြတ်ချက်များ၊ မူဝါဒများ၊ **GCF ESS** စံနှုန်းများ)တွင်မဆို ဤမူဝါဒတွင် ဖော်ပြထားသော အဓိပ္ပါယ်များရှိနိုင်သည်။

## ၇. ၂. ၁။ ရိုးရာပိုင်ဆိုင်မှု သို့မဟုတ် မိရိုးဖလာအသုံးပြုမှု သို့မဟုတ် ပိုင်ဆိုင်မှုကို ထိခိုက်စေသော မြေယာများနှင့် သဘာဝသယံဇာတများအပေါ်တွင် သက်ရောက်မှုများ

၅၈။ **GCF**မှ ကုန်ကျခံရန် အဆိုပြုထားသောလှုပ်ရှားမှုများသည် မြေယာများနှင့် နယ်မြေများအား တရားဝင်လက်ခံထားသောအခွင့်အရေးများ တည်ထောင်ရန်လိုအပ်သောနေရာများတွင် ဒေသနှင့် ထိခိုက်ခံရသော ဌာနေတိုင်းရင်းသားများနှင့် အတူတကွလုပ်ဆောင်သည့် တရားဝင်အသိအမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် သက်ဆိုင်ရာနိုင်ငံတကာစာချုပ်နှင့် သဘောတူညီမှုများအား တိုက်ရိုက်အသုံးပြုနိုင်သော နိုင်ငံ၏ အသုံးချဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ ဤကဲ့သိုသောပိုင်ဆိုင်မှုအခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုနိုင်စေရန် ပြင်ဆင်ရမည်ဖြစ်သည်။

၅၉။ **GCF** မှကုန်ကျခံရန် အဆိုပြုထားသော လုပ်ရှားမှုများတည်ရှိသော သို့မဟုတ် စုပေါင်းပိုင်ဆိုင်မှု သို့မဟုတ် ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းအစဉ်အလာအသုံးချမှု သို့မဟုတ် ပိုင်ဆိုင်မှုအောက်တွင် ကန့်သတ်ထားခြင်းအပါအဝင် ရိုးရာပိုင်ဆိုင်မှု သို့မဟုတ် ငှားရမ်းမှုအား ထိခိုက်နိုင်သောမြေယာပေါ်တွင် သဘာဝသယံဇာတများဖော်ထုတ်ပြီး မြေယာအသုံးချမှုအပေါ်တွင် ပိုင်ဆိုင်မှု သို့မဟုတ် သယံဇာတများ သို့မဟုတ် အကန့်အသတ်များရရှိနိုင်မှု ဆုံးရှုံးခြင်းအပါအဝင် ဖြစ်လာနိုင်သည့် မလိုလားအပ်သောဆိုးကျိုးများကို မျှော်လင့်နိုင်သည့်နေရာများတွင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် အောက်ဖော်ပြပါအဆင့်များအားရယူပြီး ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်ကိုရှာဖွေရန် ဌာနေတိုင်ရင်းသားများဆိုင်ရာတွေ့ဆုံမှုစီမံချက် သို့မဟုတ် **IPP**ကို ပြင်ဆင်ရမည်ဖြစ်သည်။

(က) လုပ်ရှားမှုများအတွက် အဆိုပြုထားသော ရိုးရာပိုင်ဆိုင်မှု၊ သုံးစွဲမှု သို့မဟုတ် ပိုင်ဆိုင်မှုကို ထိခိုက်နိုင်သည့် မြေယာဧရိယာကို ရှောင်ရှားရန် သို့မဟုတ် အခြားနည်းဖြင့် အနည်းဆုံးဖြစ်စေရန် အားထုတ်မှုများကို တင်ပြရမည်ဖြစ်သည်။

(ခ) ရိုးရာပိုင်ဆိုင်မှု၊ အသုံးချမှု သို့မဟုတ် ပိုင်ဆိုင်မှုကိုထိခိုက်သော သဘာဝသယံဇာတများပေါ်၌ ဆိုးကျိုးများအား ရှောင်ရှားရန် သို့မဟုတ် အခြားနည်းဖြင့် အနည်းဆုံးဖြစ်စေရန် အားထုတ်မှုများကို တင်ပြရမည်ဖြစ်သည်။

(ဂ) ဝယ်ယူခြင်း၊ အငှားချခြင်း သို့မဟုတ် အနည်းဆုံးပြန်လည်စီစစ်၍ မြေယာပိုင်ဆိုင်မှုကို လုပ်ဆောင်ခြင်းမတိုင်မီ ပိုင်ဆိုင်မှု အကျိုးအမြတ်များ၊ ငှားရမ်းမှု အစဉ်အစဉ်များနှင့် ရိုးရာသယံဇာတ အသုံးချမှုအားလုံးကို ခွဲခြမ်းစိတ်ဖြာ၍ ပြန်လည်ဆန်းစစ်ရမည် ဖြစ်သည်။

(ဃ) ဌာနေတိုင်းရင်းသားများ၏ မည်ကဲ့သို့သောမြေယာအငြင်းပွားမှုကိုမဆို ဆိုးရွားစွာမထိခိုက်စေဘဲ ဌာနေတိုင်းရင်းသားမျာ၏ မြေယာနှင့် သယံဇာတသုံးစွဲမှုကို ဆန်းစစ်၍ တင်ပြရမည်ဖြစ်သည်။ မြေယာနှင့် သဘာဝသယံဇာတသုံးစွဲမှုလျော့ချခြင်းတွင် ကျား/မအားလုံးပါဝင်ပြီး အထူးသဖြင့် ဤသယံဇာတများ စီမံအုပ်ချုပ်ခြင်းနှင့် သုံးစွဲမှုတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

(င) ထိခိုက်ခံရသော ဌာနေတိုင်းရင်းသားများကို ချပြမှုအားသေချာစေပြီး ဆက်လက်ဖော်ပြပါတို့ကို နားလည်ရမည်ဖြစ်သည်။ (၁) သက်ဆိုင်ရာနိုင်ငံတကာစာချုပ်နှင့် သဘောတူညီချက်များအောက်တွင် လုပ်ရှားမှုများအား တိုက်ရိုက်အသုံးချနိုင်သော နိုင်ငံ၏ အသုံးချဥပဒေနှင့် လုပ်ထုံးလုပ်နည်းအောက်တွင် ၎င်းတို့၏ မြေယာအခွင့်အရေးများ၊ (၂) **GCF** မှကုန်ကျခံ၍ အဆိုပြုထားသော လုပ်ရှားမှုများ၏ နယ်ပယ်နှင့် သဘောသဘာဝ၊ နှင့် (၃) **GCF**မှကုန်ကျခံရန် အဆိုပြုထားသောလုပ်ရှားမှုများ၏ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများ၊ နှင့်

(စ) လုပ်ရှားမှုများသည် ၎င်းတို့၏ မြေယာ သို့မဟုတ် သဘာဝသယံဇာတများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်စေသောနေရာတွင် အနိမ့်ဆုံးမြေယာအား ဥပဒေအရ အပြည့်အဝပိုင်ဆိုင်သော မည်သည့်ပိုင်ရှင်မဆို အကျုံးဝင်နိုင်သည့် ဌာနေတိုင်းရင်းသားများအား ယဉ်ကျေးမှုအရ သင့်တော်သော ရေရှည်တည်တံ့စေသော ဖွံ့ဖြိုးမှုအခွင့်အလမ်းများနှင့်အတူ အချိန်ယူပြီး လျော်ကြေးပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတို့တွင် အောက်ပါတို့ပါဝင်သည်။

(၁) မျှတသောငွားရမ်းမှု အစီအစဉ်များအား ပေးအပ်ခြင်း သို့မဟုတ် မြေယာရယူမှုသည် မဖြစ်မနေ လိုအပ်ပြီး ရှောင်လွှဲ၍မရသောနေရာများတွင် ဌာနေတိုင်းရင်းသားများထဲမှ ရထားသော မြေယာနှင့် ညီမျှသော မြေယာအခြေပြုလျော်ကြေးပေးအပ်ခြင်း သို့မဟုတ် ဖြစ်နိုင်ပါက ငွေကြေးလျော်ကြေးပေးခြင်းအစား အမျိုးအစားတစ်ခုခုလျော်ပေးခြင်း။ လျော်ကြေးပေးသော ပမာဏနှင့် အရည်အသွေးကို ဌာနေတိုင်းရင်းသားများနှင့် ပူးပေါင်းညှိနှိုင်း၍ သဘောတူညီရရှိသည့်အတိုင်း ဖြစ်စေရမည်ဖြစ်သည်။

(၂) သဘာဝသယံဇာတများ အဆက်မပြတ်ရရှိနိုင်မှုကို သေချာစေခြင်း၊ ညီမျှသောအစားထိုးသယံဇာတကို ဖော်ထုတ်ခြင်း သို့မဟုတ် နောက်ဆုံးရွေးချယ်စရာအဖြစ် စီမံကိန်းဖွံ့ဖြိုးမှုသည် စီမံကိန်းမြေယာပိုင်ဆိုင်မှု၏ မမှီနိုင်သောသဘာဝသယံဇာတကို ဆုံးရှုံးမှုပုံစံများကို ဆုံးရှုံးမှုဖြစ်စေသောအခါ လျော်ကြေးကိုပေးအပ်ခြင်းနှင့် အခြားသောအစားထိုးလူနေမှုပုံစံများကို ဖော်ထုတ်ခြင်း။

(၃) ထင်ရှားသည့်အဖွဲ့များမှ မြေယာ သို့မဟုတ် သဘာဝသယံဇာတများ သုံးလိုသောနေရာတွင် မြေယာ သို့မဟုတ် သဘာဝသယံဇာတများ၏ စီးပွားဖြစ်ဖွံ့ဖြိုးတိုးတက်မှုမှ ဆင်းသက်လာသော အကျိုးအမြတ်များတွင် ဌာနေတိုင်းရင်းသားများ ညီတူညီမျှခွဲဝေမှုကို ရရှိစေခြင်း၊

(၄) ထိခိုက်ခံရသောဌာနေတိုင်းရင်းသားများအား **GCF**မှကုန်ကျခံသော လုပ်ရှားမှုများလုပ်ဆောင်နေသည့် မြေယာပေါ်တွင် ရရှိမှု၊ သုံးစွဲမှုနှင့် လမ်းကြောင်းကို ပေးအပ်ခြင်း။

## ၇. ၂. ၂။ နယ်မြေဒေသနှင့် သဘာဝသယံဇာတများမှ ရိုးရာဓလေ့အရ ပိုင်ဆိုင်မှု၊ အသုံးပြုမှု၊ ဝင်ရောက်နေထိုင်နေသော ဒေသခံပြည်သူများကို ရွှေ့ပြောင်းနေရာချထားပေးခြင်း

၆၀။ အပိုဒ် ၆၁တွင် ခွင့်ပြုထားသည်မှလွဲ၍ ပြန်လည်နေရာချထားမှုတွင် မပါဝင်သော ဌာနေတိုင်းရင်းသားများကို **GCF**မှ ငွေကြေးထောက်ပံ့ပေးမည် မဟုတ်ပါ။ **GCF**သည် ဤလုပ်ဆောင်မှုများ၏ ရလဒ်ကြောင့် အမြဲတမ်းနေထိုင်ခြင်း သို့မဟုတ် ယာယီနေထိုင်ခြင်း၊ စီးပွားရေးအရနှင့် အလုပ်အကိုင်သဘောအရ နေထိုင်ခြင်းစသော အစားထိုးခြင်း (ရပိုင်ခွင့်များဆုံးရှုံးခြင်း သို့မဟုတ် ဝင်ငွေအရင်းအမြစ်များဆုံးရှုံးခြင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များပေါ် ကြွယ်ဝမှုတို့ကို ဦးတည်နေသည့် ရပိုင်ခွင့်အခွင့်အလမ်း) သာမက ရုပ်ပိုင်းဆိုင်ရာဖယ်ရှားပစ်ခြင်း (ရွှေ့ပြောင်းနေရာချထားခြင်း၊ ခိုလှုံနေထိုင်ရာ နေရာဆုံးရှုံးမှုအတွက် ပြန်လည်ခွဲဝေပေးခြင်း) စသော လုပ်ဆောင်နေမှုများကို ငွေကြေးထောက်ပံ့ခြင်းမှ ရှောင်ကြဉ်ပါသည်။

၆၁။ စီမံကိန်း သို့မဟုတ် အစီအစဉ်၏ ရည်ရွယ်ချက်ရရှိရန် မလွှဲမရှောင်သာသော ပြန်လည်ရွှေ့ပြောင်းအခြေချမှု သို့မဟုတ် ဖယ်ရှားပစ်ခြင်း စသည့် တချို့သောအခြေအနေများတွင် ၎င်းတို့သည် အောက်ဖော်ပြပါဆုံးဖြတ်ရန် မူများနှင့်ကိုက်ညီသော သူတို့ကိုသာလျှင် ခွင့်ပြုမည် ဖြစ်သည်။ (က) အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်ရရှိပြီးသား ဖြစ်ရမည်။ (ခ) ယင်းတို့သည် နိုင်ငံ့အမျိုးသားဥပဒေများအရ တရားဝင်ခွင့်ပြုပြီးသား ဖြစ်ရမည်။ (ဂ) ယင်းတို့သည် သက်ဆိုင်ရာနိုင်ငံတကာ၏ ထုံးတမ်းစဉ်လာလုပ်ရိုးလုပ်စဉ်နှင့် သဘောတူညီချက်များအောက်တွင် ဤလုပ်ဆောင်မှုများနှင့် တိုက်ရိုက်သက်ဆိုင်သော နိုင်ငံ့တာဝန်ဝတ္တရားများကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်စေရမည်။ (ဃ) ယင်းတို့ပေးအပ်ရမည့် လုံ့လဝီရိယ တစ်စိတ်တစ်ပိုင်းအနေဖြင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် **GCF**မှ ချမှတ်ထားသည်များကို သဘာဝကျပြီး အချိုးကျမှန်ကန်ရမည် ဖြစ်သည်။ (င) ၎င်းတို့သည် **GCF ESS**၏ စံသတ်မှတ်များ၊ **GCF**၏ အခြားသက်ဆိုင်သော မူဝါဒများဖြင့် ကိုက်

ညီခြင်းနှင့် တရားဝင်အသိအမှတ်ပြုထားသော အဆောက်အအုံအပါအဝင် ၎င်းနှင့်ဆက်စပ်လျှက်ရှိသော တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ မူဝါဒလိုအပ်ချက်များ စသည့် သတ်မှတ်ထားသော လုပ်ငန်းစဉ်အတိုင်း လိုက်နာရမည်။ (စ) ယင်းတို့သည် အတန်အသင့်နှင့် ပြည့်ဝသော လျော်ကြေး၊ ပြန်လည်ထူထောင်ခြင်း၊ တရားမျှတမှန်ကန်သော ပြန်လည်ရရှိမှုများသေချာစေရန်အတွက် အကယ်၍ သက်ဆိုင်ခဲ့လျှင် လိုက်နာရမည်။

၆၃။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ပါဝင်သူများ၏ ညှိနှိုင်းတိုင်ပင်မှုများအတွက် ဖြစ်နိုင်သော အခြားရွေးချယ်စရာ စီမံကိန်းပုံစံအဖြစ် ထုတ်ဖော်ဖွင့်ဟခြင်း၊ ထည့်သွင်းစဉ်းစားခြင်း၊ ကိုယ်စားပြုခြင်း ဖြစ်ရမည်။ **GCF**၏ ငွေကြေးဆိုင်ရာထောက်ပံ့လုပ်ဆောင်မှုများ၏ အစိတ်အပိုင်းများထဲမှ ကွဲပြားနေသော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ပြန်လည်ရရှိမှု တိုင်းတာလုပ်ဆောင်မှုများနှင့် ၎င်းအဖွဲ့များသည် ဌာနေတိုင်းရင်းသားများကို အမျိုးဘာသာတူလူမျိုးစုများ မြတ်နိုးတွယ်တာထိန်းသိမ်းလာသော နယ်မြေဒေသများမှ ဖယ်ရှားပစ်ခြင်း၊ ရွှေ့ပြောင်းအခြေချခြင်း၊ နေရာသစ်တွင်ပြန်လည်ချထားခြင်းနှင့် သဘာဝသယံဇာတများကို ရိုးရာအစဉ်အလာအရ ပိုင်ဆိုင်ခြင်း၊ ထုံးတမ်းအစဉ်အလာအရ အသုံးပြုခြင်းနှင့် ဝင်ရောက်နေထိုင်ခြင်းများမှ ရှောင်ကြဉ်ရန်ရည်ရွယ်သည်။

## ၇. ၂. ၃။ ယဉ်ကျေးမှု အမွေအနှစ်

၆၃။ **GCF**ငွေကြေးထောက်ပံ့ရန်အဆိုပြုထားသော လုပ်ဆောင်မှုများသည် ယဉ်ကျေးမှု အမွေအနှစ်များအပေါ် အကျိုးသက်ရောက်မှုအလားအလာရှိလိမ့်မည်ဖြစ်သော်လည်း အလေးအမြတ်ထားသော တောအုပ်၊ အလေးအမြတ်ထားသောရေထုထည်နှင့် ရေလမ်းကြောင်း၊ အလေးအမြတ်ထားသော တောင်များ၊ အလေးအမြတ်ထားသော သစ်ပင်များ၊ အလေးအမြတ်ထားသော ကျောက်တုံးများ၊ သင်္ချိုင်းမြေနှင့် တည်နေရာများကဲ့သို့သော ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့်။ သို့မဟုတ် ယုံကြည်သက်ဝင်တန်ဖိုးထားမှုဆိုင်ရာနှင့် ပတ်သက်သော သဘာဝနေရာဒေသများနှင့် ရိုးရာဓလေ့၊ ဘာသာစကား၊ ကိုယ်ပိုင်လက္ခဏာအထောက်အထား၊ အခမ်းအနား လုပ်ထုံးလုပ်နည်း စသည့်ရုပ်ဝတ္ထုပိုင်းဆိုင်ရာမဟုတ်သော ယဉ်ကျေးမှုဖော်ပြချက်များ သို့မဟုတ် အကျိုးသက်ရောက်မှုရှိသော ဌာနေတိုင်းရင်းသားများ၏ ယုံကြည်သက်ဝင်မှု ရှုထောင့်များ၊ ထိုအကျိုးသက်ရောက်မှုများကို ဦးစားပေးအနေဖြင့် ရှောင်ရှားပေးရန်ဖြစ်သည်။ ထင်ရှားအရေးပါပြီး အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုများကို မရှောင်ရှားနိုင်ခဲ့လျှင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ထိခိုက်ခံရသော ဒေသခံတိုင်းရင်းသားများ၏ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်ကို ရရှိလိမ့်မည်ဖြစ်သည်။

၆၄။ **GCF**၏ ငွေကြေးဆိုင်ရာထောက်ပံ့လုပ်ဆောင်မှုများသည် ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို စီးပွားဖြစ်ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်ရန် အဆိုပြုလျှာထားသည်။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ထိခိုက်ခံရသောဒေသခံတိုင်းရင်းသားများကို နားလည်ရန်လွယ်ကူသော ဒေသိယဘာသာစကားများ၊ ယဉ်ကျေးမှုနှင့် သင့်လျော်သောအပြုအမူနှင့် (က) ဆက်စပ်သက်ဆိုင်သော နိုင်ငံတကာ၏ ထုံးတမ်းစဉ်လာလုပ်ရိုးလုပ်စဉ်နှင့် သဘောတူညီချက်များအောက်တွင် ဤလုပ်ဆောင်မှုများနှင့် တိုက်ရိုက်သက်ဆိုင်သော နိုင်ငံ့ဥပဒေနှင့် တာဝန်များကို လုပ်ထုံးလုပ်နည်းအောက်၌ ယင်းတို့၏ လုပ်ပိုင်ခွင့်ရပိုင်ခွင့်များ၊ (ခ) အဆိုပြုထားသည့် စီးပွားရေးတိုးတက်မှုနှင့် အသုံးပြုမှုများ၏ သဘောသဘာဝနှင့် အခွင့်အလမ်းနယ်ပယ်များ၊ (ဂ) ထိုတိုးတက်မှုနှင့် အသုံးပြုမှုများ၏ အလားအလာရှိသော အကျိုးဆက်များ၊ (ဃ) ထိုအကျိုးဆက်များမှ ရှာကြံပြီး ယင်းတို့၏ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူချက်ရရှိစေရန် ထိခိုက်ခံရသော ဒေသခံတိုင်းရင်းသားများကို သေချာစွာနားလည်စေရန် နည်းလမ်းများ၊ နည်းစနစ်များဖြင့် အသိပေးပြောကြားသည်။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်

အဖွဲ့များသည် ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များပါဝင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဆီမှ ရရှိလာသောအကျိုးအမြတ်များကို မျှတစွာခွဲဝေသုံးစွဲနိုင်သည်ကို ဌာနေတိုင်းရင်းသားများအား သေချာစေနိုင်မည်ဖြစ်သည်။

## ၇. ၃။ နစ်နာကြေး ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်

၆၅။ ဤမူဝါဒမှချမှတ်ထားသော မည်သည့်ကိစ္စမဆို ဆက်စပ်သက်ဆိုင်နေသည်ဟုယူဆရမည်ဖြစ်ပြီး သို့ဖြစ်၍ **GCF**၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လုပ်ဆောင်နေသည့် သင့်လျော်၍ အမျိုးမျိုးသောနစ်နာကြေး ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များဟု ယူဆရမည်။

၆၆။ ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်နေသည့် **GCF**၏ငွေကြေးထောက်ပံ့လုပ်ဆောင်မှု အားလုံးသည် စီမံကိန်းအဆင့်မှ ဒေသခံပြည်သူများ၏ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်နေသော လုပ်ငန်းများကို ကိုင်တွယ်ဖြေရှင်းရန် ထိရောက်သောနစ်နာကြေး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ် တစ်ခုဖြစ်အောင် လုပ်ဆောင်မည်ဖြစ်သည်။ လုပ်ငန်းစဉ်ကို အကျိုးသက်ရောက်မှုရှိသော သို့မဟုတ် အကျိုးသက်ရောက်ရန် အလားအလာကောင်းသော ဌာနေတိုင်းရင်းသားများ၏ အသင်းအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီးမှ ပုံစံထုတ်ရေးဆွဲမည်ဖြစ်သည်။ လုပ်ငန်းစဉ်သည် နားလည်ရန်လွယ်ကူသော၊ တရားမျှတသော၊ ပွင့်လင်းမြင်သာသော၊ အပြုသဘောဆောင်သောလုပ်ငန်းစဉ်တစ်ခုအဖြစ် နစ်နာကြေးဆုံးဖြတ်ချက်များကို မဆိုင်းမတွ အဆင်ပြေလွယ်ကူစေမည် ဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်သည် ယဉ်ကျေးမှုအရ လျော်ကန်ပြီး အဆင်သင့်သုံးစွဲခွင့်ရ၍ ထိခိုက်ခံရသော အစုအဖွဲ့များအတွက် ငွေကြေးကုန်ကျမှုမရှိစေဘဲ ကိစ္စရပ်တစ်ခု သို့မဟုတ် သက်ဆိုင်နေသောအဖွဲ့များကို ဖော်ဆောင်ရန် လူတစ်ဦးချင်း၊ အုပ်စုအလိုက် သို့မဟုတ် အစုအဖွဲ့အလိုက် တုံ့ပြန်ဆောင်ရွက်ရန် မလိုအပ်တော့ပါ။ စီမံကိန်းတစ်ခုအတွက် သင့်လျော်၍ ပြုလုပ်ဆောင်ရွက်နိုင်သောနေရာတွင် နစ်နာကြေးလုပ်ငန်းစဉ်သည် လက်ရှိ ရှိနှင့်ပြီးသော သမားရိုးကျ သို့မဟုတ် သမားရိုးကျမဟုတ်သော နစ်နာကြေးလုပ်ငန်းစဉ်များကို လိုအပ်သောစီမံကိန်း၏ အသေးစိတ်အစီအစဉ်များကို ဖြည့်စွက်၍ အသုံးပြုမည်ဖြစ်သည်။ လုပ်ငန်းစဉ်သည် အလွယ်တကူရရှိနိုင်သော တရားစီရင်ရေးဆိုင်ရာ သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ ပြောင်းလဲပြင်ဆင်ခြင်း၊ ပို၍ခိုင်မာသော သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ရန်နှင့် ကိစ္စများ၏ အခြေအနေများကို မြေပြင်အခြေအနေတွင် ပို၍ထင်ဟပ်ပေါ်လွင်နေစေရန် ဒေသတွင်းစနစ်များ အသုံးပြု၍ အသိပညာပေးခြင်းများ စသည့်နည်းလမ်းများကို အလွယ်တကူဆုံးဖြတ်လိမ့်မည်မဟုတ်ပါ။ **GCF**၏ သီးခြားပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်၊ သို့မဟုတ် တရားဝင်အသိမှတ်ပြုထားသော သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များ၏ နစ်နာကြေးပြန်လည်ပြင်ဆင်ခြင်း ထင်ရှားသည့်အဖွဲ့များကိုလဲ နှောင့်နှေးကြန့်ကြာစေမည်မဟုတ်ပါ။ ထင်ရှားသည့်အဖွဲ့များသည် အကျိုးသက်ရောက်မှု ကြီးမားစေရန် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအပေါ် အမေရိကန်နိုင်ငံလမ်းညွှန်ဥပဒေသ၏ ပိုဒ်ခွဲ ၃၁ ဖော်ပြချက်၌ တရားဥပဒေအရ မသက်ဆိုင်သောနစ်နာကြေးလုပ်ငန်းစဉ်အတွက် အကျိုးသက်ရောက်မှု မူများကို ထည့်သွင်းစဉ်းစားရမည်။

၆၇။ နစ်နာကြေးပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်၏ နယ်ပယ်၊ အတိုင်းအတာနှင့် ပုံစံများသည် စီမံကိန်း သို့မဟုတ် အမှုကိစ္စအပေါ် အကျိုးသက်ရောက်မှု၊ ဆုံးရှုံးနိုင်ခြေရှိသော အတိုင်းအတာနှင့် သဘာဝနှင့်ကိုက်ညီသော စီမံကိန်းအဆင့်နှင့် အစီအစဉ်အဆင့်ဖြစ်ရန်လိုအပ်သည်။ နစ်နာကြေး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်တွင် အောက်ပါအတိုင်းပါဝင်မည်ဖြစ်သည်။

(က) ဌာနေတိုင်းရင်းသားများသည် ယင်းတို့၏နစ်နာကြေးများကို တင်ပြနိုင်သည့် အမျိုးမျိုးသော နည်းလမ်းများနှင့် ဘာသာစကားအခက်အခဲ၊ ကန့်သတ်ချက်များနှင့် အကယ်၍ စောဒကတက်လိုသူများသည် လုပ်ပိုင်ခွင့်ရှိသည့်ကိုယ်စားလှယ် သို့မဟုတ် အရပ်သားအဖွဲ့အစည်းများမှ တင်သွင်းခြင်း သို့မဟုတ် တုံ့ပြန်ခြင်းများကိုကြောက်ရွံ့နေလျှင် အမည်နာမများကိုလျှို့ဝှက်ထားပေးခြင်း စသည့် လိုအပ်သည်များကို ထည့်သွင်းစဉ်းစားခြင်း။

(ခ) စောဒကတက်လိုသူများ၏ အထောက်အထားများကို အထူးသဖြင့် စောဒကတက်လိုသူများသည် တုံ့ပြန်ချက်များအပေါ် ကြောက်ရွံ့နေသည့်အခြေအနေများတွင် ယုံကြည်စိတ်ချနေစေရန် ဖန်တီးပေးထားခြင်း။

(ဂ) ဘာသာစကားအခက်အခဲနှင့် ကန့်သတ်ချက်များကို ကျော်လွှားနိုင်စေရန် အဓိပ္ပာယ်ကောက်ယူခြင်းနှင့် ဘာသာပြန်ဆိုခြင်းများ ဖန်တီးပေးထားခြင်း။

(ဃ) နစ်နာကြေးများကို လက်ရေးမူဖြင့် အဝင်အထွက်မှတ်တမ်းတွင် စာရင်းသွင်းပြီး ပြည်သူများအလွယ်တကူရရှိနိုင်သော အချက်အလက်တည်ဆောက်ပုံများဖြင့် ထိန်းသိမ်းထားခြင်း။ အချက်အလက်တည်ဆောက်ပုံများတွင် စောဒကတက်သူများ၏ သတင်းအချက်အလက်အကြောင်း အဖွဲ့များနှင့် အမှန်ကိုပြင်ဆင်ပေးသည့်အရာအပါအဝင် စောတဒတက်သူများ၏ ဆုံးဖြတ်ချက်များအား အကယ်၍တောင်းဆိုခဲ့လျှင် စောဒကတက်သူများ၏ အထောက်အထားများကို အမည်မဖော်ပြဘဲ ထိန်းသိမ်းထားခြင်း စသည်များ ပါဝင်သင့်သည်။

(င) နည်းလမ်းများကို လူသိရှင်ကြားကြော်ငြာခြင်း၊ တင်ပြထားသောနစ်နာကြေးများအတွက် နည်းလမ်းများဖော်ထုတ်ခြင်း၊ အသုံးပြုသူများသည် သူတို့၏နစ်နာကြေးများ၏ တုံ့ပြန်ချက်၊ ဆုံးဖြတ်ချက်၊ အသိအမှတ်ပြုချက်များ၊ အစီအစဉ်များ၏ ပွင့်လင်းမြင်သာမှုဖော်ပြချက်များနှင့် အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖွဲ့စည်းတည်ဆောက်ပုံများကို စောင့်ဆိုင်းရန်မျှော်လင့်နိုင်သည့် အချိန်အတိုင်းအတာဖန်တီးပေးခြင်း။

(စ) နစ်နာကြေးဖြေရှင်းချက်များ မရရှိသောအခါတွင် စိတ်ကျေနပ်ဖွယ်မရသော နစ်နာကြေးများအတွက် မေတ္တာရပ်ခံချက်လုပ်ငန်းစဉ်တစ်ခု။

(ဆ) **GCF**၏ အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များနှင့် တရားဝင်ခွင့်ပြုထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များ၏ လုပ်ငန်းစဉ်များအပါအဝင် အခြားရရှိနိုင်သော နစ်နာကြေးလုပ်ထုံးလုပ်နည်းများကို သတင်းအချက်အလက်ပေးခြင်းနှင့်

(ဇ) တုံ့ပြန်ချက်များမှ စောဒကတက်သူများကို ကာကွယ်ပေးနိုင်ရန် နေရာတကျဆောင်ရွက်ခြင်း။

၆၈။ လုပ်ရှားဆောင်ရွက်မှု သို့မဟုတ် စီမံကိန်းသည် ရွေးချယ်နိုင်စရာ အခွင့်အလမ်းတစ်ခုအနေဖြင့် အသုံးပြုသူများသည် အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက် သို့မဟုတ် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ သို့မဟုတ် **GCF**၏ အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များ၏ အခက်အခဲဖြေရှင်းခြင်းလုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်နေသောအဆိုပြုဆုံးဖြတ်ချက်များကို စိတ်ကျေနပ်မှုမရှိသည့်နေရာ၌ ပြေလည်အောင်ဆောင်ရွက်မှု (သို့မဟုတ် အလားတူ အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက် သို့မဟုတ် ပြဿနာဖြေရှင်းခြင်းတာဝန်များ) ပေးလိမ့်မည်ဖြစ်သည်။

၆၉။ ဤလုပ်ငန်းစဉ်သည် သက်ဆိုင်ရာ နိုင်ငံတကာထုံးတမ်းစဉ်လာ လုပ်ရိုးလုပ်စဉ်များအောက်တွင် လုပ်ရှားဆောင်ရွက်မှုကို တိုက်ရိုက်အကျိုးပြုနိုင်မည့် ဒေသတစ်ခု၏ တာဝန်ဝတ္တရားများ၊ သက်ဆိုင်ရာ ဥပဒေများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများ၊ အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက် လုပ်ထုံးလုပ်နည်းများ၊ ဒေသခံပြည်သူများအပေါ် သင့်လျော်သောတရားမျှတမှုစနစ်များနှင့် မှီခိုအားထားမှုကင်းသော ဒေသခံဆိုင်ရာကျွမ်းကျင်မှု အသုံးပြုနိုင်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လုပ်ငန်းစဉ်သည် **GCF**၏ တာဝန်ခံမှုလုပ်ငန်းစဉ်နှင့် ယင်းတို့၏ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် စီမံဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များကို အသုံးပြုရန်အတွက် အခွင့်အလမ်းများကို ပိတ်ပင်ဟန့်တားလိမ့်မည် မဟုတ်ဘဲ အသုံးပြုသူများကို လိုအပ်သည့် ငွေကြေးဆိုင်ရာနှင့် နည်းပညာထောက်ပံ့မှုဖြင့် လုပ်ငန်းစဉ်များကို လက်လှမ်းမီစေရန်လုပ်ဆောင်ပေးဖို့ သေချာစေလိမ့်မည်ဖြစ်သည်။

၇၀။ **GCF**၏ အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်နှင့် အုပ်ချုပ်ရေးအဖွဲ့၏ ဌာနေတိုင်းရင်းသားများအပေါ် အာရုံစိုက်သည့်အချက်များသည် အဆိုပြုချက်တစ်ခုမပြုလုပ်မီအပါအဝင် မည်သည့်အခြေအနေတွင်မဆို အထောက်အကူဖြစ်ရန်အတွက် အလွယ်တကူ ရရှိနိုင်လိမ့်မည်ဖြစ်သည်။

၇၁။ အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းထားသော မကျေနပ်ချက်စသည့် ကိစ္စရပ်များတွင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များ၊ သက်ဆိုင်ရာ အမျိုးသားအခွင့်အာဏာပြဇာရှိသူများနှင့် အခြားသက်ဆိုင်သောပါတီဝင်များမဆို လိုအပ်သောသတင်းအချက်အလက်များအားလုံးကို ထောက်ပံ့ပေးခြင်းအပါအဝင် အမှီအခိုကင်းသော ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်လိမ့်မည်ဖြစ်သည်။ ထို့အပြင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များသည် အမှီအခိုကင်းသောပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်၏ လမ်းညွှန်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန်အစီအစဉ်များကို ဘုတ်အဖွဲ့၏ အကြံပြုချက်များဖြင့် သဘောတူထားသော ပြန်လည်ပြင်ဆင်ရန်အချက်များကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်သွားလိမ့်မည်ဖြစ်သည်။

## ၇. ၄။ ဌာနေတိုင်းရင်းသားများနှင့် ပို၍ကျယ်ပြန့်သော စီမံကိန်းရေးဆွဲခြင်း

၇၂။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် **GCF**မှ ပြဌာန်းထားသော အချက်များတွင်ပါဝင်သည့် ရာသီဥတုပြောင်းလဲခြင်းလုပ်ဆောင်မှုအပေါ် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုနှင့် စိတ်ပါဝင်စားမှုတိုးမြှင့်လာစေရန် ရည်ရွယ်၍ အစီအစဉ်များ၊ မဟာဗျူဟာများနှင့် အခြားလုပ်ဆောင်မှုများကြိုတင်ပြင်ဆင်မှုအတွက် **GCF**၏ ငွေကြေးဆိုင်ရာထောက်ပံ့လုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် နည်းပညာနှင့် ငွေကြေးဆိုင်ရာထောက်ပံ့မှုများ ပါဝင်လိမ့်မည်ဖြစ်သည်။ ဤကိစ္စတွင် အမျိုးမျိုးသောပဏာမစီမံကိန်းများပါဝင်ပြီး ဥပမာအနေဖြင့် (က) ဓလေ့ထုံးတမ်းအစဉ်အလာအရ သို့မဟုတ် ဘိုးဘွားပိုင်မြေများအားလုပ်ပိုင်ခွင့်သဘောတူညီချက်များ အသိအမှတ်ပြုရန်အတွက် ဒေသဆိုင်ရာဥပဒေများအား ခိုင်မာလာစေခြင်း၊ (ခ) ဌာနေတိုင်းရင်းသားများကြားတွင် ဖြစ်ပေါ်နေသော ကျားမခွဲခြားမှု၊ လူမှုစီးပွားရေးခွဲဝေမှုနှင့် အမြင်မတူကွဲပြားမှု စသည့်ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း၊ (ဂ) ပညာတတ်ပိုင်ဆိုင်မှု ရပိုင်ခွင့်မှတဆင့် ရိုးရာအသိပညာများကို ကာကွယ်ပေးခြင်း၊ (ဃ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းနှင့် အစီအစဉ်များ ပါဝင်ဆောင်ရွက်နိုင်စေရန် ဒေသခံပြည်သူများ၏ စွမ်းဆောင်ရည်များ တိုးမြှင့်ခြင်း၊ (င) ဌာနေတိုင်းရင်းသားများကို ဝန်ဆောင်မှုပေးသော အစိုးရကိုယ်စားလှယ်အဖွဲ့အစည်းများတိုးမြှင့်ခြင်း၊ (စ) ဒေသခံအမျိုးသမီးများနှင့် မသန်စွမ်းကဲ့သို့သော အခြားသောလူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခြင်းခံရသောလူနည်းစုများကို အဓိပ္ပာယ်ပြည့်ဝသော ပါဝင်ပူးပေါင်းဆောင်ရွက်မှု မွေးမြူပေးခြင်း၊ စသည်တို့ပါဝင်သည်။

၇၃။ အမျိုးသားအဆင့် ခန့်အပ်ထားသော အာဏာပိုင်အဖွဲ့နှင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် (က) ဌာနေတိုင်းရင်းသားများနှင့် အစိုးရတို့ ပူးပေါင်းပါဝင်တည်ဆောက်ထားသော အစီအစဉ် (အစုအဖွဲ့ဦးဆောင်သော ဖွံ့ဖြိုးရေးအစီအစဉ်ကဲ့သို့သော)မှတစ်ဆင့် ဌာနေတိုင်းရင်းသားများ၏ ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများကို ထောက်ပံ့ပေးခြင်း၊ (ခ) ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ လူဦးရေစာရင်း၊ ကျားမ၊ မျိုးနွယ်များအကြား ပတ်သက်ဆက်နွယ်မှုနှင့် လူမှုအဖွဲ့အစည်း၊ အသင်းအဖွဲ့၊ ထုတ်လုပ်မှုစနစ်၊ ဘာသာရေးဆိုင်ရာယုံကြည်မှုနှင့် အရင်းအမြစ်သုံးစွဲမှုပုံစံများကို မှတ်တမ်းတင်ရန် ဌာနေတိုင်းရင်းသားများ၏ ကိုယ်ရေးအကျဉ်းများ ကြိုတင်ပြင်ဆင်ခြင်းနှင့် (ဂ) ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ ရာသီဥတုဆိုးရွားမှုအပေါ် ခံနိုင်ရည်ရှိမှုကိုမြှင့်တင်ရန်အတွက် အစိုးရ၊ ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်သားလူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများအကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပံ့ပိုးဆောင်ရွက်ပေးခြင်း စသည်တို့ပါဝင်သည့် အမျိုးမျိုးသောပဏာမလုပ်ငန်းစဉ်များအတွက် အဆင်သင့်ကြိုတင်ပြင်ဆင်ထားသော ထောက်ပံ့မှုအဆိုပြုချက်များနှင့် ငွေကြေးဆိုင်ရာထောက်ပံ့မှု အဆိုပြုချက်များမှတစ်ဆင့် ထောက်ပံ့မှုများ ရှာဖွေလိမ့်မည်ဖြစ်သည်။

# အခန်း ။၉
# အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

## ၈. ၁။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စီစဉ်ခြင်းများ

၇၄။ ဤမူဝါဒသည် **GCF**၏ လက်ရှိမူဝါဒများနှင့် လက်တွေ့အသုံးချမှုများအား ထောက်ပံ့သည်။ အထူးသဖြင့် **GCF ESS** စံသတ်မှတ်ချက်များပါဝင်သော ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုအကျပ်အတည်းနှင့် အကျိုးသက်ရောက်မှုများ ကိုင်တွယ်ဖြေရှင်းခြင်းနှင့်ပတ်သက်နေသော မူဝါဒများဖြစ်သည်။ ဤမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် **GCF** ၏ အဓိကအခန်းကဏ္ဍများနှင့် တာဝန်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စီမံအုပ်ချုပ်သူများ၊ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များနှင့် အမှီအခိုကင်းသော တာဝန်ယူမှုအဖွဲ့အစည်းများအား ထည့်သွင်းစဉ်းစားရလိမ့်မည်ဖြစ်သည်။

၇၅။ ဤမူဝါဒသည် ဌာနေတိုင်းရင်းသားများအပေါ် **GCF ESS**၏ ကြားဖြတ်မူဝါဒများနှင့် ၎င်း၏ လိုအပ်ချက်များ၊ **GCF**၏ လိင်ပိုင်းဆိုင်ရာမူဝါဒနှင့် လုပ်ဆောင်မှု စီမံကိန်းနှင့် အခြားသော **GCF**မူဝါဒများအား ထပ်မံဖြည့်စွက်မည်ဖြစ်သည်။

၇၆။ ဌာနေတိုင်းရင်းသားများနှင့်ပတ်သက်ပြီး ဤမူဝါဒနှင့် အခြားသော **GCF**မူဝါဒများအကြား သဟဇာတမဖြစ်ခဲ့လျှင် ဤမူဝါဒ အသေးစိတ်အကြောင်းအရာကိစ္စအား မူဝါဒမှ အုပ်ချုပ်လုပ်ကိုင်နေသည်ကို ဖော်ဆောင်သော အခြေခံအကြောင်းအရင်းကို ဖော်ညွှန်းသည်။

၇၇။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ဤမူဝါဒ၏ လိုအပ်ချက်များရရှိစေရန် ဘုတ်အဖွဲ့မှ အကောင်းဆုံးသော ကြိုးပမ်းအားထုတ်မှုကိုအသုံးပြုခြင်းဖြင့် ဤမူဝါဒကို မတည်ပြုမီ **GCF**၏ ငွေကြေးထောက်ပံ့လုပ်ဆောင်မှုများကို ဘုတ်အဖွဲ့မှ အတည်ပြုပြီး ဖြစ်စေရမည်ဖြစ်သည်။

၇၈။ ဘုတ်အဖွဲ့မှ ငါးနှစ်လျှင်တစ်ကြိမ် ဤမူဝါဒ၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပြန်လည် ဆန်းစစ်မည်ဖြစ်ပြီး တရားဝင်ကြီးကြပ်မည်။ ဘုတ်အဖွဲ့သည် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များ၊ အမှီအခိုကင်းသော တာဝန်ခံမှုအဖွဲ့နှင့် စာပိုဒ်၁၀၆တွင် အကြမ်းဖျင်းဖော်ပြခဲ့သော လွတ်လပ်သော လေ့လာသူများအဖွဲ့ထံမှ ရရှိလာသောသတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ကာလအပိုင်းအခြားအလိုက် တင်သွင်းလာသော အကောင်အထည်ဖော်ခြင်းအစီရင်ခံစာ ပြန်လည်ဆန်းစစ်ခြင်းမှတဆင့် ၎င်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးလိမ့်မည်ဖြစ်သည်။

၇၉။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ဤမူဝါဒ၏ စာပိုဒ်၁၀၅တွင်ဖော်ပြခဲ့သောပြန်လည်ဆန်းစစ်ချက်များကိုထောက်ခံရန် ဤမူဝါဒ၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ကာလအပိုင်းအခြားအလိုက် အကဲဖြတ်ခြင်းများ တာဝန်ယူလုပ်ဆောင်လိမ့်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အခြေခံစည်းမျဉ်း အချက်အလက်များကောက်ယူခြင်းနှင့် (က) ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ချက်များကို **GCF**မှ မည်သို့ ကောင်းမွန်အောင်လုပ်ဆောင်ပေးမည်ကို အဆုံးအဖြတ်ပေးခြင်း၊ (ခ) အလိုက်သင့်ပြောင်းလဲနိုင်ခြင်းနှင့် လျှော့ပေါ့သက်သာစေခြင်း ပန်းတိုင်များရရှိစေရန်ပြောင်းလဲမှုအတွက် မောင်းနှင်အားများဖော်ထုတ်ခွဲခြားခြင်း၊ (ဂ) **GCF**မူဝါဒများနှင့် **GCF**ငွေကြေးထောက်ပံ့လုပ်ဆောင်မှုများတွင် တိကျပြီး ယဉ်ကျေးမှုအရ သင့်လျော်သောအစိတ်အပိုင်းများကို ဖော်ထုတ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း၊ (ဃ) မူဝါဒအကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ ခန့်မှန်းတွက်ချက်ခြင်း၊ (င) ဌာနေတိုင်းရင်းသားများအတွက် တိကျသောထွက်ကုန်များ၊ ရလဒ်များနှင့် အကျိုးသက်ရောက်မှု အညွှန်းကိန်းများရွေးချယ်ခြင်း၊ (စ) **GCF**ငွေကြေးထောက်ပံ့လုပ်ဆောင်မှုအတွင်း ဌာနေတိုင်းရင်းသားများ၏ ထိရောက်သောပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ်များ ဖော်ဆောင်ခြင်းနှင့် အစီအမံရေးဆွဲခြင်း စသည်တို့လိုအပ်သည်။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များသည် ဤလေ့လာအကဲဖြတ်ခြင်း အကူအညီဖြစ်လိမ့်မည်။ ဤလေ့လာအကဲဖြတ်ခြင်းတွင် ဌာနေတိုင်းရင်းသားများနှင့် အရပ်သားလူမှုအဖွဲ့အစည်းများ၏ အကူအညီများနှင့် ပူးပေါင်းပါဝင်ခြင်းများ လိုအပ်သည်။

၈၀။ ဌာနေတိုင်းရင်းသားများနှင့်ပတ်သက်၍ အကြီးတန်းကျွမ်းကျင်သူများကို အုပ်ချုပ်ရေးအဖွဲ့ဝင်များအဖြစ် ခန့်အပ်ပြီး ဤမူဝါဒများ အကောင်အထည်ဖော်စီမံဆောင်ရွက်နိုင်ရန် ဌာနေတိုင်းရင်းသားများအပေါ် အာရုံစိုက်မှုလုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်ရလိမ့်မည်။

၈၁။ ဌာနေတိုင်းရင်းသားများဆိုင်ရာ အကြံပေးအဖွဲ့ကို **GCF**၊ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော အဆောက်အအုံ၊ အုပ်ချုပ်သူများနှင့် ဌာနေတိုင်းရင်းသားများအကြား ပူးပေါင်းပါဝင်ညီညွတ်မှုတိုးမြှင့်စေရန် ထူထောင်ထားမည်။ အကြံပေးအဖွဲ့၏ အဓိကလုပ်ငန်းစဉ်များမှာ (က) ဌာနေတိုင်းရင်းသားများ၏ ဦးတည်ချက်၊ အမျိုးသားအုပ်ချုပ်ရေးအဖွဲ့၊ ဌာနေတိုင်းရင်းသားများအပေါ်သက်ရောက်နေသော **GCF** ငွေကြေးထောက်ပံ့လုပ်ဆောင်မှုများ၏ တရားဝင်အသိအမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များကို အကြံပေးရန်၊ (ခ) ဤမူဝါဒ၏ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း အထူးသဖြင့် ဌာနေတိုင်းရင်းသားများ၊ **GCF**၊ အုပ်ချုပ်သူများ၊ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထင်ရှားသည့်အဖွဲ့များနှင့် အခြားသော ကျွမ်းကျင်သူများအကြား အပြန်အလှန်ဆွေးနွေးမှုများမြှင့်တင်စေရန် သင့်လျော်သောနည်းလမ်းများ ပြန်လည်ဆန်းစစ်ခြင်း၊ (ဂ) ဘုတ်အဖွဲ့မှ တောင်းဆိုလာလျှင် လမ်းညွှန်ချက်များနှင့် အကြံပြုချက်များ ပေးအပ်ခြင်းများ စသည်တို့ဖြစ်မည်။

၈၂။ ဌာနေတိုင်းရင်းသားများဆိုင်ရာ အကြံပေးအဖွဲ့သည် **GCF**၏ ငွေကြေးထောက်ပံ့လုပ်ဆောင်မှု ဖွံ့ဖြိုးနေသောဒေသများတွင် ဌာနေတိုင်းရင်းသားများအား ကိုယ်စားပြုသောသူလေးယောက်ဖြင့် ဖွဲ့စည်းထားမည်ဖြစ်သည်။ အကြံပေးအဖွဲ့ဝင်များအား ဌာနေတိုင်းရင်းသားများမှဦးဆောင်၍ ရွေးချယ်မည်ဖြစ်ပြီး ဒေသတစ်ခုအတွက် ကိုယ်တိုင်ရွေးချယ်နိုင်ပြီး ကျားမဦးရေညီမျှမှုရှိသင့်သည်။ အကြံပေးအဖွဲ့သည် အဖွဲ့ဝင်များ၏ အုပ်ချုပ်သူအားသတင်းပေးရပြီး အတူတကွလုပ်ကိုင်၍ အဖွဲ့၏လုပ်ငန်းတာဝန်နှင့် လုပ်ငန်း၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်ကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ရမည်ဖြစ်သည်။

## ၈. ၂။ လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များ

၈၃။ ဤမူဝါဒကိုအကောင်အထည်ဖော်ရန် နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာအကိုးအကားများနှင့် ကိရိယာတန်ဆာပလာများပါဝင်သော လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များကို အခိုင်အမာ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ကိုယ်စားလှယ်အဖွဲ့များ(ပြည်နယ်များ) ဌာနေတိုင်းရင်းသားအကြံပေးအဖွဲ့နှင့် ဌာနေတိုင်းရင်းသားများနှင့် ဆွေးနွေးအကြံယူပြီး အုပ်ချုပ်ရေးအဖွဲ့မှရေးဆွဲ၍ ဆက်လက်ထိန်းသိမ်းမည်ဖြစ်သည်။

## ၈. ၃။ သတင်းအချက်အလတ်ဖြန့်ဝေခြင်း

၈၄။ ဤမူဝါဒကို **GCF**၏ သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာမူဝါဒအတိုင်း အများပြည်သူရရှိနိုင်အောင်ဆောင်ရွက်ရမည် ဖြစ်သည်။

၈၅။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ဌာနေတိုင်းရင်းသားများနှင့် ယင်းတို့၏ တရားဝင်အကြံပေးသူများအား ဖြန့်ဝေလိုက်သော သတင်းအချက်အလတ်များသည် သက်ဆိုင်ရာ ဌာနေဘာသာစကားအပါအဝင် ယဉ်ကျေးမှုနှင့် လူမှုရေးအရ သင့်တော်သောပုံစံဖြင့် ရရှိစေနိုင်ပြီး ဌာနေတိုင်းရင်းသားများဖြန့်ဝေလိုက်သော သတင်းအချက်အလက်အား ဆန်းစစ်၍ စဉ်းစားရန် အချိန်လုံလောက်စေရန် သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ အခိုင်အမာလက်ခံထားသော ထင်ရှားသည့်အရာများသည် **GCF**၏ သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာမူဝါဒနှင့် **GCF**နှင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များအကြား လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာအခိုင်အမာရှိသော မဟာသဘောတူညီချက်၏ လိုအပ်ချက်များအတိုင်း သတင်းအချက်အလက်ကို ဖြန့်ဝေမည်ဖြစ်သည်။

## ၈. ၄။ သက်ဆိုင်သူများ တွေ့ထိမှု

၈၆။ ဤမူဝါဒကို **GCF**မှ ဖော်ဆောင်ထားသော မည့်သည့်လုပ်ငန်းစဉ်နှင့် လမ်းညွှန်မှုတွင်မဆို တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ကိုယ်စားလှယ်များအား **GCF**မှကုန်ကျခံသော လှုပ်ရှားမှုများကြောင့် ထိခိုက်သော သို့မဟုတ် **GCF** မှကုန်ကျခံရန် အဆိုပြုထားသောလှုပ်ရှားမှုများကြောင့် ထိခိုက်စေနိုင်သောအစုအဖွဲ့များနှင့် ပြည်သူများဖြင့် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးခြင်းအတွက် ဖြစ်စဉ်တစ်ခုအား နေရာတကျထားရာတွင် အကူအညီဖြစ်စေရန် အသုံးပြုမည်ဖြစ်သည်။

## ၁. ၅။ တာဝန်ခံမှု

၈၇။ အခိုင်အမာလက်ခံခြင်းဖြစ်စဉ်နှင့် ရည်ရွယ်ချက်နှင့်ကိုက်ညီသော အခိုင်အမာလက်ခံခြင်းချဉ်းကပ်မှုမှ တဆင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များကို ဤမူဝါဒအား လိုက်နာမှုရှိမရှိကို သေချာစေရန် လိုအပ်မည်ဖြစ်သည်။ ယင်းတို့သည် ဤမူဝါဒအကောင်အထည်ဖော်သည့်နေရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ရည်ကိုင်ရည်များလည်းရှိရန် လိုအပ်မည်ဖြစ်သည်။ အခိုင်အမာလက်ခံခြင်း ဖြစ်စဉ်ပြီးနောက် အကောင်အထည်ဖော်သည့်အဆင့်တွင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ၎င်းတို့၏ကိုယ်ပိုင်စည်းမျဉ်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများဖြင့် ဤမူဝါဒသည် နိုင်ငံအဝှမ်း စီမံကိန်းဆန်းစစ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းသာမက ရလဒ်များအစီရင်ခံခြင်းနှင့်ပါ ဆက်စပ်နေသဖြင့် ဤမူဝါဒကိုအကောင်အထည်ဖော်ရာတွင် တာဝန်ခံမည်ဖြစ်သည်။

၈၈။ အုပ်ချုပ်ရေးအဖွဲ့သည် ဤမူဝါဒ၏ရလဒ်များအတွက် တာဝန်ရှိပြီး ယင်းတို့၏ စိုက်ထုတ်ရမည့် ဝီရိယလုံ့လ အပိုင်းတစ်ခုအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့သည် **GCF**မှကုန်ကြခံသော လုပ်ရှားမှုများသည် ဤမူဝါဒ၏ လိုအပ်ချက်များအား အကောင်ထည်ဖော်ပြည့်စုံစေရန် သေချာစေမည်ဖြစ်သည်။

## ၁. ၆။ တိုင်းပြည်ပိုင်ဆိုင်မှုနှင့် တွေ့ထိမှု

၈၉။ ဤမူဝါဒသည် အမျိုးသားအဆင့်မဟာမူဘောင်များနှင့် ငွေကြေးအဆိုပြုချက်များဖွံ့ဖြိုးစေရန် နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းနှင့် အများပြည်သူထိတွေ့မှုအတွက် အကောင်းအဆိုးအလေ့အကျင့်များကို ထောက်ပံ့ကူညီပြီး ၎င်းတို့နှင့် **GCF**၏ အနာဂါတ် မည်သည့်ထိတွေ့မှုဖြစ်စဉ်များတွင်မဆို အသုံးပြုမည်ဖြစ်သည်။

၉၀။ အတိအကျဆိုရပါမူ ဤမူဝါဒသည် ဌာနေတိုင်းရင်းသားများအတွက် အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှု ဦးစားပေးအရာများနှင့် ဗျူဟာများကိုသတ်မှတ်ခြင်းမှ မည်သို့သော အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်တွင်မဆို အသုံးချနိုင်သော အမျိုးသားအဆင့်နှင့် နိုင်ငံတကာမူဝါဒများနှင့် ဥပဒေများကို ထည့်သွင်းစဉ်းစားရမည်ဆိုသည်ကို အမျိုးသားအဆင့် ခန့်အပ်ထားသောအာဏာပိုင်များနှင့် အရေးကြီးအချက်များကို အသိပေးအကြောင်းကြားစေသည်။ ထို့အပြင် အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များမှ တိုင်းပြည်ပူးပေါင်းပါဝင်မှုအတွက် စံသတ်မှတ်ချက်များနှင့် ရွေးချယ်စရာများတွင် သင့်တော်သောပုံစံတစ်ခုဖြင့် ဌာနေတိုင်းရင်းသားများပါဝင်သင့်သည်။

၉၁။ တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များနှင့် ပြည်နယ်များသည်အဆိုပြုချက်များ ဖော်ဆောင်ရာတွင်သာမက အတည်ပြုချက်ရရှိပြီးနောက် ဆက်လက်စောင့်ကြည့်အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည်ဆိုသော သက်ဆိုင်ရာ **GCF ESS**စံနှုန်းများ၏ အပိုင်းတစ်ခုကို ဤမူဝါဒ၏ လိုအပ်ချက်များ ဖြစ်ပေါ်လာစေသည်။

## ၁. ၇။ သစ်တောပြုန်းတီးမှုနှင့် သစ်တောအဆင့်အတန်းကျဆင်းခြင်းမှ ထုတ်လွှတ်မှုလျှော့ချခြင်း (REDD+) လုပ်ငန်းစဉ်များ

၉၂။ ဤမူဝါဒကို **REDD+**လှုပ်ရှားမှုနှင့် ပတ်သတ်၍ **GCF**မှဖော်ထုတ်ထားသော အဆင်သင့်အဆင့်၊ ရလဒ်များအပေါ်အခြေခံသော ပေးချေမှုများနှင့် မည်ကဲ့သို့သောရရှိမှုနှင့် ငွေကြေးဆိုင်ရာနည်းလမ်းများ၊ လမ်းညွှန်ချက်အကိုးအကား ဝေါဟာရများနှင့် အကဲဖြတ်ခြင်းကိရိယာများအပါအဝင် **REDD+**အား ထောက်ပံ့ပေးသော **GCF**မှ ကုန်ကျခံသည့်လှုပ်ရှားမှုများတွင် အသုံးပြုမည်ဖြစ်သည်။ ထို့ကြောင့် ရလဒ်များပေါ်အခြေခံသောပေးချေမှုများအပါအဝင် **GCF**မှကုန်ချခံရန် အဆိုပြုထားသော မည့်သည့်**REDD+**လှုပ်ရှားမှုမဆို **REDD+**အတွက် မူဘောင်အပါဝင် ပဲရစ်သဘောတူညီချက်နှင့် **UNFCCC REDD+**ဆုံးဖြတ်ချက်များ

ကဲ့သို့ အခြားသော သင့်တော်သည့် **GCF**မူဝါဒများနှင့် ပေါင်းစည်း၍ ဤမူဝါဒ၏ လိုအပ်ချက်များကို **GCF** လုပ်ရှားမှုများ၏ ရည်ရွယ်ချက်များအတွက်အလေးထားပြီး သက်ဆိုင်သူများအား အကိုးအကားများတွင် ဤမူဝါဒ၌ သတ်မှတ်ထားသကဲ့သို့ ဌာနေတိုင်းရင်းသားများ ပါဝင်စေရမည်ကို သေချာစေမည်ဖြစ်သည်။

## ၈. ၈။ စွမ်းရည်နှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု

၉၃။ **GCF**သည် ဌာနေတိုင်းရင်းသားများ၏ ကိစ္စရပ်များနှင့် အခွင့်အရေးများနားလည်၍ ကောင်းမွန်စွာဖြေရှင်းနိုင်စေရန် အုပ်ချုပ်ရေးအဖွဲ့များအပါအဝင် ၎င်း၏သက်ဆိုင်သူများ စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးစေမည်ဖြစ်သည်။

၉၄။ **GCF**သည် ဌာနေတိုင်းရင်းသားများ သို့မဟုတ် ဌာနေကိစ္စရပ်များတွင် ကျွမ်းကျင်သူများသည် **GCF**၏ လွတ်လပ်သောအဖွဲ့နှင့် အကြံပေးအဖွဲ့များတွင် ပါဝင်ကြောင်းကိုလည်း သေချာစေမည်ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့သည် ဌာနေတိုင်းရင်းသားများနှင့် ပညာရှင်ဆန်စွာ မူဝါဒအကိုးအကားများဖြင့် ဆွေးနွေး၍ ပြန်လည်ဆန်းစစ်အဆင့်မြှင့်တင်ရန် ဌာနေတိုင်းရင်းသားများ၏စာရင်းတစ်ခုကို ဖန်တီးမည်ဖြစ်သည်။

၉၅။ ဌာနေတိုင်းရင်းသားများသင်တန်းပေးခြင်းကို အုပ်ချုပ်ရေးအဖွဲ့အတွက် ဌာနေတိုင်းရင်းသားကိစ္စရပ်များအား သိရှိမှုကို ဖွံ့ဖြိုးစေရန်လုပ်ဆောင်မည်ဖြစ်သည်။

၉၆။ **GCF**သည် ဌာနေတိုင်းရင်းသားများအတွက် အဆင့်တိုင်း၌ **GCF**နှင့် ၎င်းတို့၏ အပြည့်အဝနှင့် ထိရောက်သောတွေ့ဆုံမှုကို သေချာစေရန် အဆင်သင့်ဖြစ်ခြင်းနှင့် ပြင်ဆင်ထားသော အထောက်အပံ့အဆိုပြုချက်များ၏ အပိုင်းအနေဖြင့် သီးခြားစွမ်းဆောင်ရည်တည်ဆောက်မှုအစီစဉ်များကို ထောက်ပံ့မည်ဖြစ်သည်။ ဤထောက်ပံ့မှုတွင် အနိမ့်ဆုံးအနေဖြင့် ဆွေးနွေးအကြံပြုခြင်းနှင့်သက်ဆိုင်သော လုပ်ရှားမှုများ၊ ထောက်ခံမှု၊ စီမံကိန်းအကောင်ထည်ဖော်ခြင်းနှင့် စီမံခန့်ခွဲမှုအတွက် စောင့်ကြည့်ခြင်းသာမက စီမံကိန်းအဆိုပြုလွှာများ ဖြစ်ပေါ်စေခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် ဌာနေတိုင်းရင်းသားများ ထိရောက်စွာ ထိတွေ့မှုတို့ပါဝင်မည်ဖြစ်သည်။

၉၇။ အထူးသဖြင့် တိုက်ရိုက်လက်ခံရရှိသော အဖွဲ့များကဲ့သို့ ပြည်နယ်များနှင့် တရားဝင် အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များသည် ဤမူဝါဒအကောင်အထည်ဖော်ရန် ယင်းတို့၏စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးရန် အလို့ငှာ **GCF**မှ အဆင်သင့်ဖြစ်စေခြင်းနှင့် ပြင်ဆင်ထားသောအထောက်အပံ့ကို တောင်းခံရနိုင်သည်။

## ၈. ၉။ သယံဇာတခွဲဝေခြင်း

၉၈။ ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို ပြည့်ဝစေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းနှင့် လိုက်လျောညီထွေလုပ်ဆောင်ချက်များအတွက် ယင်းတို့၏ စတင်လုပ်ဆောင်မှုနှင့် အားထုတ်မှုတို့အား ထောက်ပံ့ရန် ချိတ်ဆက်ထားသော **GCF**မှ ကုန်ကျခံရန် အဆိုပြုထားသောလုပ်ရှားမှုများကို **GCF** သည် ထည့်သွင်းစဉ်းစားပေးမည်ဖြစ်သည်။

၉၉။ ရာသီဥတုပြောင်းလဲမှုကြောင့် ဌာနေတိုင်းရင်းသားများ၏ တန်းတူညီမျှမှုမရှိခြင်း ပိုမိုဆိုးရွားစေနိုင်သည်ကို ဖြေရှင်းရန် မဖြစ်မနေလိုအပ်လျှင် သို့မဟုတ် ယင်းတို့သည် **GCF**မှ အကူအညီကို လုံလောက်စွာ မရရှိနေလျှင် **GCF**သည် ဌာနေတိုင်းရင်းသားများ ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေစွာနေနိုင်ခြင်းနှင့် လျှော့ချခြင်းဆောင်ရွက်သူများအား ထောက်ပံ့ပေးရန် ရံပုံငွေကိုဦးတည်နိုင်သည်။

၁၀၀။ ဤမူဝါဒအတွက် အခြေခံအကြောင်းအရင်းသည် ဌာနေတိုင်းရင်းသားများတွေ့ဆုံမှုကို မြှင့်တင်ရန်ဖြစ်သောကြောင့် ဘုတ်အဖွဲ့သည် ဌာနေတိုင်းရင်းသားများတွေ့ဆုံမှုနှင့် အကျိုးအမြတ်များအား မြှင့်တင်ရန် ကောင်းမွန်စွာရေးဆွဲထားသော အရာများနှင့် **GCF**မှ ကုန်ကျခံရန် အဆိုပြုထားသော လုပ်ရှားမှုများအား ပိုမိုအားပေးစဉ်းစားနိုင်သည်။

## ၈. ၁၀။ အသိပညာဖွံ့ဖြိုးစေခြင်းနှင့် ဆက်သွယ်ခြင်း

၁၀၁။ ဌာနေတိုင်းရင်းသားများနှင့် ရာသီဥတုပြောင်းလဲလာခြင်းနှင့် ဤမူဝါဒကို အကောင်အထည်ဖော်ရာမှ ရရှိလာသောအတွေ့အကြုံများပေါ်တွင် တည်ဆောက်ထားသည့် အသိပညာဖွံ့ဖြိုးခြင်းနှင့် ဖြန့်ဝေခြင်းကို **GCF** မှ ကတိကဝတ်ပြုထားသည်။ အခြားအဖွဲ့အစည်းများမှရရှိလာသော အသိပညာနှင့် ကျွမ်းကျင်မှုပေါ်တွင် ရင်းနှီးမြုပ်နှံရန်လည်း **GCF**မှ ကတိကဝတ်ပြုမည်ဖြစ်သည်။ ဤသို့သောအသိပညာကို သက်ဆိုင်သူအားလုံး၏ အစွမ်းအစနှင့် စွမ်းဆောင်ရည်ကို ပိုမိုခိုင်မာလာစေရန် အသုံးပြုမည်ဖြစ်သည်။ ဤအချက်သည် ဌာနေတိုင်းရင်းသားများနှင့် ဒေသအစုအဖွဲ့များ၏ အသိပညာစနစ်များကို ရာသီဥတုပြောင်းလဲမှုများကို လိုက်လျောညီထွေစွာနေထိုင်ခြင်းနှင့် လျှော့ချခြင်း၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသအစုအဖွဲ့များ၏ အသိပညာအုတ်မြစ်ကို အကောင်အထည်ဖော်ခြင်းနှင့် ပေါင်းစည်း၍ ခိုင်မာလာ စေရန်အလေးထားသော **UNFCCC**၏ ဆုံးဖြတ်ချက် ၁။**CP.21** အပိုဒ်၁၃၅အား အကောင်ထည်ဖော်ခြင်းအား ယုတ္တိရှိ၍ သင့်တော်စေမည်ဖြစ်သည်။

၁၀၂။ အုပ်ချုပ်ရေးအဖွဲ့သည် ဤမူဝါဒအကောင်ထည်ဖော်ရာမှ ရရှိလာသောအတွေ့အကြုံနှင့် အသိပညာအား တင်ပြ၍ ပြည်နယ်များနှင့် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ ကောင်းမွန်သော အလေ့အကျင့်များကို ဆန်းစစ်ရန် ရှာဖွေမည်ဖြစ်သည်။

၁၀၃။ ဌာနေတိုင်ရင်းသားများတွေ့ဆုံမှု ဤမူဝါဒနှင့် ယင်း၏ လုပ်ငန်းစဉ်လမ်းညွှန်ချက်များအား **GCF**၏ ကတိကဝတ်ကို ဆက်သွယ်ဆောင်ရွက်ခြင်းသည် မဟာဗျူဟာမြောက်ဆက်သွယ်ရေး လှုပ်ရှားမှုတစ်ခုကို သိရှိစေပြီး **GCF**၏ ဆက်သွယ်ရေးစီမံချက်များနှင့် အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်ယူမှု၏ ပေါင်းစပ်အပိုင်းတစ်ခုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ဤလှုပ်ရှားမှုတွင် တရားဝင်အသိမှတ်ပြုထားသော ထင်ရှားသည့်အဖွဲ့များမှ ပါဝင်ကူညီရန် လိုအပ်မည်ဖြစ်သည်။ **GCF**သည် ဤမူဝါဒကို မည်ကဲ့သို့ အကောင်အထည်ဖော်နေသည် ဆိုသည်သာမက ဤမူဝါဒကို အကောင်အထည်ဖော်ခြင်းနှင့် ဖြစ်နိုင်သောတိုးတက်မှုအားလုံးပေါ်တွင် သက်ဆိုင်သူများနှင့် မိတ်ဆွေများထံမှ အချိန်အပိုင်းအခြားအလိုက် တုံ့ပြန်မှုကိုရှာဖွေနေသည်ကို ပြည်သူလူထုသို့ ဆက်သွယ်ဆောင်ရွက်ရန် အရေးကြီးမည်ဖြစ်သည်။

# အခန်း ။၉
# အသက်ဝင်သည့် ရက်စွဲနှင့် ပြန်လည်ဆန်းစစ်ခြင်း

၁၀၄။ ဤမူဝါဒသည် ဘုတ်အဖွဲ့မှ အတည်ပြုသည့်အပေါ်မူတည်၍ သက်ရောက်လာမည်ဖြစ်သည်။

၁၀၅။ **GCF**သည် ဤမူဝါဒ၏ ရည်ရွယ်ချက်များပေါ်တွင် အခြေခံ၍ ဤမူဝါဒ၏ ခြုံငုံဆောင်ရွက်မှုကို ပြန်လည်ဆန်းစစ်၍ အကဲဖြတ်မည်ဖြစ်သည်။ ဤသို့သော ပြန်လည်ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း ရလဒ်များပေါ်တွင်အခြေခံ၍ ဤမူဝါဒအား သင့်တော်သောပြင်ဆင်ဖြည့်ဆွက်ချက်များကို ထည့်သွင်းစဉ်းစား၍ ဤမူဝါဒအား ပြင်ဆင်ချက်များသည် **GCF**၏ ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များကို လိုက်နာမည်ဖြစ်သည်။ အမှီခို

ကင်းသော အကဲဖြတ်ခြင်းအဖွဲ့မှ ဤမူဝါဒအကောင်ထည်ဖော်ခြင်းအား အကဲဖြတ်ခြင်းတစ်ခုကို လုပ်ဆောင်ပြီး ဤအချက်သည် ပြန်လည်ဆန်းစစ်ခြင်းတွင် ပါဝင်မည်ဖြစ်သည်။ ဆွေးနွေးအကြံပြုချက်များတွင် ဌာနေတိုင်းရင်းသားများ ထိခိုက်ခံရသောအစုအဖွဲ့များနှင့် အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်မှုများ ပါဝင်မည်ဖြစ်သည်။

၁၀၆။ ဤမူဝါဒ ပြန်လည်ဆန်းစစ်ခြင်းကို ဤမူဝါဒ၏ ရည်ရွယ်ချက်များရရှိရာတွင် **GCF** ၏ထိရောက်မှုကို ဆန်းစစ်၍ အသက်ဝင်သည့်ရက်မှ ငါးနှစ်လုပ်ဆောင်မည်ဖြစ်သည်။ အပိုဒ်၇၈နှင့် ၇၉အားကိုက်ညီအောင် ဖော်ထုတ်ထားသော အကဲဖြတ်ခြင်းနှင့် မည်သို့သောအခြားဖြစ်စဉ်နှင့် ကြားဖြတ်အကောင်အထည်ဖော်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းများနှင့် **GCF**၏ အစီရင်ခံစာများဖြင့် ဤပြန်လည် ဆန်းစစ်ခြင်းကို အထောက်အကူပြုမည်ဖြစ်သည်။